မာတိကာ

မာတိကာ ၁

စကားချီး ၄

မှုံပြာကျေးရွာ အရင်းအမြစ်ပြဓြေပုံ၊ လွိုင်ကော်မြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၂၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၃၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၄၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၄၃

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၉၃

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၁၀၁

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၁၁၃

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၁၁၃

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မှုံပြာကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏အကြံပြုချက်များ၊ ကယားပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မှုံပြာကျေးရွာ

လွိုင်ကော်မြို့နယ်

မုံပြာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြ ပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း

အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ကယားပြည်နည်သည် မြန်မာပြည်၏ အရှေ့တောင်ဘက် အကျဆုံး ပြည်နယ်ကြီးတစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ ကျော်တွင်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းတို့နှင့် နယ်နိ မိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ မြို့တော်ဖြစ်ပြီး (နေပြည်တော်၊ လွိုင်ကော်)၊ (တောင်ကြီး/အောင်ပန်း၊လွိုင်ကော်) ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို အခြားတောင်ကြီး၊ အောင်ပန်း၊ ပင်လောင်း၊ နေပြည်တော်၊ မန္တလေး၊ ရန်ကုန် မြို့များသို့ ကားလမ်း၊ ရထားလမ်းများဖြင့် ဆက်သွယ်ထားပြီး လေကြောင်းလမ်းဖြင့်လည်း သွားလာနိုင်သည်။

လွိုင်ကော်မြို့နယ်သည် လောပိတရေတံခွန်နှင့်နီးပြီး မြေပြန့်လယ်ယာပေါများသော ဒေသ တစ်ခုလည်း ဖြစ်ပါသည်။ မှုံပြာကျေးရွာသည် ပထဝီဝင်အနေအထားအရ ဘီလူချောင်းဘေး၊ လွိုင်ကော်မြို့နှင့် ၃ မိုင်အကွာအဝေး မြေပြန့်တွင် တည်ရှိပါသည်။ လွိုင်ကော်နှင့် ကျောက်ခင်း လမ်းဖြင့် ဆက်သွယ်ထားပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းသည်။ မှုံပြာကျေးရွာ၏ အဓိအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ခြံဝင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ မှုံပြာကျေးရွာသည် ပန်းကန်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွိုင်ကော်မြို့မှ (၄.၈) ကီလိုမီတာနှင့် မိုးဇွဲနှင့် (၂၄) ကီလိုမီတာ ကွာဝေးပါသည်။ လွိုင်ကော် မြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာ ရက် ပေါင်း (၁၂၀) ရက် နှင့် မိုးရေချိန်မှာ (၄၀) လက်မ အောက်ရှိသည်။

(ခ) သဘာဝအရင်းအမြစ်များ

လွိုင်ကော်မြို့သည် ဘီလူးချောင်းမှ တနှစ်ပါတ်လုံး ရစ်ခွေစီးဆင်းနေသော မြို့ဖြစ်ပြီး မြန်မာပြည်၏ အကြီးဆုံးလောပိတရေတံခွန်နှင့် ရေအားလျပ်စစ်ထုတ်လုပ်သော မြို့ဖြစ်သည်။ လယ်စပါး၊ အဖိုးတန်သစ်သီးဥယျဉ်ခြံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ရွှေပြောင်းတောင်ယာ၊ အဖိုးတန်

ကျွန်းနှင့်သစ်မာများ မျိုးစုံစိုက်ပျိုးဖြစ်ထွန်းသော ရေမြေရာသီဥတု ရှိသည်။ မြို့နယ်သည် သဘာဝ သယံဇာတနှင့် ပတ်သက်၍ ခဲမဖြူနှင့် အဖြိုက်နက် အနည်းငယ်ထွက်ရှိသော ဒေသလည်းဖြစ်သည်။ **မုံပြာကျေးရွာသည်** ဘီလူးချောင်းဘေးတွင်တည်ရှိပြီး ဘီလူးချောင်းမှာလည်း တနှစ်ပါတ်လုံး ရေစီးဆင်းသောမြစ်ဖြစ်သည်။ ဘီလူးချောင်းသည် ၎င်းဒေသ၏ စိုက်ပျိုးရေးအတွက် များစွာ အကျိုးရှိပြီး မုံပြာကျေးရွာကို ကုန်းကြောင်း၊ ရေကြောင်း (လှေငယ်၊ စက်လှေ) တို့ဖြင့် သွားလာနိုင်သည်။ ငါးမွေးမြူရေးအတွက် အလားအလာကောင်းများရှိသည်။ ဘီလူးချောင်းမှလည်း မြစ်ရေတင် စီမံကိန်း စီမံကိန်းတည်ဆောက်ရန် အလားအလာကောင်းရှိပြီး စိုက်ပျိုးရေး သွင်းရေရရှိပါကလည်း လယ်ဟောင်း၏ ၁၀၀၀ ကျော်ကို တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ကျေးရွာရှိဘီလူးချောင်း ဘေးနှင့် လယ်ကွင်းများကြားတွင် ငါးမျိုးစုံ၊ ငှက်မျိုးစုံ၊ ဟင်းသီးရွက် အရိုင်းများနှင့် ဆေးဖက်ဝင် အပင်မျိုးစိတ် အချို့ကို ရရှိနိုင်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

မုံပြာကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၈၀ အိမ်နှင့် လူဦးရေပေါင်း (၇၃၂) ဦး (ကျား ၃၃၄+ မ ၃၉၈) ဦးရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင် ပျမ်းမျှ (၄.၀၆) ဖြစ်ပြီး မိသားစု ပျမ်းမျှ လူဦးရေ အနည်းငယ်နည်းသည်ကို တွေ့ရပါ သည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၄၉၆ ဦး (၆၇.၈%) ရှိပြီး မှီခိုသူဦးရေမှာ ၂၃၆ (၃၂.၂%) ရှိသည်။ အမျိုးသမီးအလုပ်လုပ်ကိုင်နိုင်သူ လူဦးရေ မှာလည်း အမျိုးသားလူဦးရေထက် ၁၄ ဦး (၂.၈%) ပိုများသည်ကို တွေ့ ရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ဓနဥစ္စာအဆင့် အနေအထား အရ ဆင်းရဲနှင့်ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၁၃၇) အိမ် (၇၆.၁%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန် ၄၃ အိမ် (၂၃.၉%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစား မိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ အိမ်အ ခြေအနေ၊ လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှု၊ ကုန်ထုတ်လုပ်ငန်းနှင့်မဆိုင်သောပိုင်ဆိုင်ပစ္စည်း၊ အိမ်မွေး တိရိစ္ဆာန်ပိုင်ဆိုင်မှုနှင့် တနှစ်ဝင်ငွေမှာ အရေးပါသည်ကို တွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေ အနည်းဆုံး ၅ ဧကအထက်နှင့် တနှစ်ဝင်ငွေ အနည်းဆုံးသိန်း (၃၆ မှ ၇၀) သိန်းအထိ ရှိသော်လည်း ဆင်းရဲဆုံး မိသားစုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိကြပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားများဖြစ်သည်။ ကျေးရွာမိသားစု၏ ၃၄ အိမ်ထောင်စု ၁၈.၉% ရာခိုင်နှုန်းမှာ လုပ်အားကြိုရောင်းခြင်းနှင့် ရရာအလုပ်ကိုလုပ်ကိုင် ကြရသည်။ လုပ်အားခရငွေဖြင့် တနေ့ချင်း ဝယ်စား ကြရ သည်။ မိုးရာသီတွင် တနပ်လျှော့စားကြရသည်။ ကျေးရွာတွင် မြေယာမဲ့ (၂၆) ဦးနှင့် အများစုမှာ ဆင်းရဲသားတောင်သူများဖြစ်ပြီး ၅ ဧကအောက် ပိုင်ဆိုင်သူများဖြစ်သည်။ တောင်သူငယ် ၁၄၆ ဦး (၈၁.၁%) ရှိပြီး ၎င်းတို့မှာ မွေးမြူရေး၊ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ စသည်နည်းမျိုးစုံဖြင့် ဝင်ငွေရှာပြီး ဝမ်းစာမဖူလုံမှုကို ဖြေရှင်းကြသည်။ လယ်ပိုင်ဆိုင်သူ (၉) အိမ်ထောင် (၅%) သာ တနှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိသည်။

လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံး မိသားစု၊ အုပ်စုများဖြစ်သည်။ လှည့်လည်ဈေးရောင်းသူများ၊ ကားသမားများ၊ ဆိုင်ကယ်ယာဉ် တိုက်မှုများသည်လည်း ထိခိုက်လွယ်မှုခံစားရခြင်း အသင့်အတင့်ရှိသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

မှုံပြာကျေးရွာသည် လက်ရှိတွင်တုပ်ကွေး၊ ဝမ်းရောဂါ၊ ငှက်ဖျား၊ ရာသီဖျား ရောဂါအဖြစ်များ နေပါသည်။ ရေကြီးသောနှစ်များတွင် ရေမသန့်၍ ရောဂါဖြစ်ပွားမှုများသည်။ ကျေးရွာတွင် ကျန်းမာရေးမှူးတဦးနှင့် သားဖွါးဆရာမတဦးရှိသော်လည်း ကျေးရွာတွင်မနေနိုင်ကြသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု လုံလောက်မှု မရှိကြပါ။ ကျွန်ုပ်တို့၏ကျေးရွာ ကျေးလက်ဆေးပေးခန်းရှိပြီး သားဖွါးဆရာမ (၁) ဦးနှင့် ကျန်းမာရေးမှူး (၁) ဦးရှိသည်။ ဆေးခန်းမှာ ၄၀ ပေ × ၃၀ ပေ × ၁၂ပေ အရွယ် တိုက်အဆောက်အဦးဖြစ်သည်။ ဝန်ထမ်းအိမ်ယာမှာလည်း ၄၀ ပေ × ၃၀ ပေ × ၁၂ပေ အရွယ် တိုက်ဖြစ်သည်။ ဝန်ထမ်းအိမ်ရာနှင့် လျှပ်စစ်မီးကောင်းသော်လည်း ကျန်းမာရေးဝန်ထမ်း များမှာ ကျေးရွာတွင်မနေနိုင်ကြပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှု အလုံလောက်မရကြပါ။ အရေးပေါ်အခြေအနေဖြစ်ပါက များစွာ အခက်အခဲရှိသည်။ ရွာသူ/သားများအနေဖြင့် ကျန်းမာရေးဝန်ထမ်းကို တာဝန်ကျကျေးရွာတွင် အချိန်ပြည့်နေစေချင်ကြသည်။ ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် သွေးအားနည်းခြင်းများ မကြာခဏကြုံရသည်။ ကျေးရွာဆေးခန်းတွင် ကိုယ်ဝန်အပ်လေ့ရှိပြီး သံဓါတ်အားဆေးအခမဲ့၊ တလတကြိမ် ပြုစုစောင့်ရှောက်မှုရရှိသည်။ ဆေးခန်းဆောက်စဉ် ပို့ငွေကို မိခင်ကလေးရံပုံငွေ အဖြစ် (၅၀၀၀၀) ကျပ်ရှိသည်။ တောင်သူတဦး တနှစ်စပါး (၂) တင်းနှုံး စုဆောင်းရာ တနှစ်စပါး (၄၀) တင်းရသည်။ (၈) နှစ်စုဆောင်းပြီး လုပ်အားပေးရငွေဖြင့် စပါးဝယ်ယူ စုဆောင်းသည်။ ၎င်းကို အတိုးပေးရာ တတင်းလျှင် အတိုး တခွဲ (၈) ပြည်ရသည်။ ဈေလိုင်လတွင် ထုတ်ချေးပြီး ဧန္နဝါရီလတွင် ပြန်ဆပ်ရသည်။ မာလင်စီမံကိန်းမှ ကိုယ်ဝန်ဆောင်နှင့် (၅) နှစ်အောက် ကလေးငယ်များ ဆေးဝါး၊ ခရီးစရိတ်၊ စားစရိတ်၊ ဆေးရုံ တက်ခပုံပိုးပေးသည်။ ကျေးရွာထောက်ခံချက်နှင့် သားဖွါးဆရာမ ထောက်ခံချက်လိုအပ်ပြီး မီးဖွါး

စရိတ် (၃၀၀၀၀) ကျပ်ပံ့ပိုးပေးသည်။ ဆေးတခါကုလျင် (၁၅၀၀ မှ ၂၀၀၀) ကျပ်ကုန်ကျသည်။ အစိုးရသားဖွါးဆရာမမှာ တပါတ်တကြိမ်၊ နေ့ချင်းပြန် လာရောက်လေ့ရှိသည်။ လိုအပ်ပါက တယ်လီဖုန်းဖြင့် ဆက်ခေါ်ရသည်။ ကျန်းမာရေးမှူးမှာ ကျေးရွာတွင် မနေပါ။ ကျေးရွာတွင် အရပ်လက်သည် (၁) ဦးရှိပြီး စေတနာအရ ကူညီဆောင်ရွက်ပေးသည်။ အစိုးရသင်တန်းဆင်း အရံသားဖွါးရှိသော်လည်း အလုပ် မရှိသောကြောင့် ကောက်စိုက်သည်။ ကိုယ်ဝန်ဆောင်များမှာ သားပျက်သားလျှောဖြစ်တတ်သည်။ ဖြစ်ရခြင်းမှာ ဆင်းရဲသောကြောင့် ကိုယ်ဝန်နုစဉ် အလုပ်ကြမ်းနှင့် အလေးအပင် အလုပ်လုပ်ရသောကြောင့် ဖြစ်သည်။ လွိုင်ကော်တွင် ဆေးရုံတက်ပါ က ဆေးခန်းခ (၄၀၀၀ မှ ၇၀၀၀) ကျပ်အထိရှိတတ်သည်။ ဆေးရုံသို့ သွားလျှင် သုံးဘီးခ (၂၀၀၀) ကျပ်၊ ကျန်းမာရေးစရိတ် ပျမ်းမျှ တလလျှင် (၁၀၀၀၀) ကျပ်ခန့်ကုန်ကျသည်။ မှုံပြာ ကျေးရွာတွင် သောက်ရေအဖြစ် ရေတွင်း ၃၅ တွင်း၊ အဝီစိတွင်း ၈ တွင်းနှင့် ဘီလူးချောင်း မြစ်ရေကို အိမ်တိုင်း အသုံးပြုကြသည်။ လက်ရှိရေတွင်းများမှာ နွေရာသီတွင် ရေခမ်းလေ့ရှိသဖြင့် သောက်ရေ လုံလောက်မှုမရှိပါ။ ကျောင်းတွင်လည်း အဝီစိရေတွင်းတူးပါကလည်း သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ပါသည်။ အိမ်ထောင် စုပေါင်း (၁၈၀) တွင် အိမ်ထောင် (၁၇၁) သည် ယင်လုံအိမ်သာကို သုံးစွဲကြသည်။ အချို့မှာ ၂ အိမ်ထောင် စုပေါင်းအသုံးပြုကြသည်။

(ဇ)ပညာရေးနှင့် ကျွမ်းကျင်မှုများ

မှုံပြာကျေးရွာတွင် ဘာသာရေးအခြေပြုပညာရေး ပြီးဆုံးသူ (၇) ဦး (၁.၂%)၊ မူလတန်း ပြီးဆုံးသူ (၂၂၉) ဦး(၃၈.၄%)၊ အလယ်တန်းပြီးဆုံးသူ (၁၆၅) ဦး (၂၇.၇%) ၊ အထက်တန်း (၄၂) ဦး (၇%)၊ တက္ကသိုလ်ဘွဲ့ရ (၄) ဦး(၀.၇%) ရှိပါ သည်။ လက်ရှိတွင် အထက်တန်းတက်ရောက်နေသူ ၃၉ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ၁၂ ဦးရှိပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားရ ကျေနပ်စရာဖြစ်ပါသည်။ ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိကဝင်ငွေတိုးလုပ်ငန်းများမှာ တွင်ခုံလုပ်ငန်း ၁ ခု၊ ကန်ထရိုက်လုပ်ငန်း ၁ ဦး၊ လက်သမား ခေါင်းဆောင် ၄ ဦး၊ သယ်ယူပို့ဆောင်ရေး ၅ ဦး၊ ဈေးဆိုင် ၂၀၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၁ ခုရှိသည်။ ကျပန်း ၂၆ ဦး၊ အစိုးရဝန်ထမ်း ၄ ဦး နှင့် လက်သမား၊ ပန်းရံ ၁၈ ဦး၊ စုစုေပါင်း အလုပ်သမား အိမ်ထောင်စု ၄၈ ရှိသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

မှုံပြာကျေးရွာတွင် အမျိုးသားဦးရေ ၃၃၄ ဦးနှင် အမျိုးသမီးဦးရေမှာ ၃၉၈ ဦးရှိသည်။ အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်အားထက် ၁၄ ဦး (၂.၈) ရာခိုင်နှုန်းခန့် ပိုမိုပါ သည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင် ဖွဲ့စည်းထားပြီး လူငယ်နှင့် အမျိုးသမီးများ ပါဝင်ခွင့်ရမှုနည်းကြသည်။ ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးနှင့် မိသားစုကိစ္စများအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်လည်း အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက် အကူပြုနိုင်ပါသည်။

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

မှုံပြာကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏လိုအပ်ချက်အရ အဖွဲ့ ၁၃ ဖွဲ့ကို ဖွဲ့စည်းထားကြပါ သည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ လူငယ်အဖွဲ့၊ လူငယ်ဓမ္မဂုဏ်ရည်စုဗူးအသင်း၊ ဂေါပက၊ မိဘဆရာအသင်း၊ ကျောင်းအကျိုး တော်ဆောင်၊ အမျိုးသမီးရေးရာ၊ မီးသတ်၊ မိခင်နှင့်ကလေး၊ စိတ်တူကိုယ်တူအဖွဲ့များ၊ နာရေး ကူညီမှု၊ စိုက်ဘဏ်နှင့် သမဝါယမအဖွဲ့ စသည် သက်ဆိုင်သောကိစ္စရပ်များအတွက် ရည်ရွယ် ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျ ဆောင်ရွက် တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာအဖွဲ့အစည်းများ (ဝေါလ်ဗွီရှင်း၊ ဆေဗ်သခဲလ်ဒရင်း) စိုက်ပျိုးရေးဘဏ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပညာရေး ဌာန၊ လူဝင်မှုကြီးကြပ်ရေး နှင့်မြို့နယ်ကျေးလက်ဦးစီးဌာနစသည် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်း ကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာ၏အခြေအနေကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပါဝင်ဆန်းစစ်အကဲ ဖြတ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲပြုလုပ်စဉ်ကာလအတွင်း ပါဝင်တက်ရောက် သူများသည် ကျေးရွာအတွင်းရှိ အစုအဖွဲ့များ ညီညီညွတ်ညွတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်

လိုအပ်ကြောင်းနှင့် ဤသို့ ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ထိထိရောက်ရောက် အစီအစဉ်တကျ ဖြစ်ထွန်းမည်ကို ခံစားသိရှိလာကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွံ့ဖြိုးရေးအစီအစဉ် ကျွမ်းကျင်သူအဖွဲ့၏ ရှင်းလင်းပြောကြားချက်များအပေါ် အခြေခံ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကော်မတီကို ဖွဲ့စည်းရာတွင် တောင်သူအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့ နှင့် ကျပန်းအဖွဲ့များခွဲ၍ အဖွဲ့၏ အင်အားအရေအတွက်ပေါ်မူတည် ကော်မတီအဖွဲ့ဝင်ဦးရေးအချိုး၊ ကျား/မ အချိုးတို့ကို ထည့်သွင်းစဉ်းစားဖွဲ့စည်းခြင်း၊ လူတဦးချင်းစီ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့သောကြောင့် လူထုကိုအမှန်ကိုယ်စားပြုသော ကျေးရွာဖွံ့ဖြိုးကော်မတီကို အများသဘောတူ ဖွဲ့စည်းခဲ့ကြသည်။ ဤကော်မတီ သည်လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာသယံဇာတများ အသုံးချခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းလုပ်ငန်းများ ပိုမို ထိရောက်စေရန်အတွက် ကူညီပံ့ပိုးပေးပါမည်။ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပုံမှန်အစည်းအဝေး ပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးကြပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်းအချက်အလက်များ ပြုစုခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ထပ်မံကောက်ယူခြင်းတို့ လုပ်ဆောင်ကြပါမည်။

မမွဂုဏ်ရည်စုဗူးအသင်း

ၚင်းအဖွဲ့ကို ကျောင်းထိုင်ဆရာတော်မှ ဦးဆောင်ပြီး ၂.၆.၂၀၁၃ နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ဝင် (၃၀) ဦးရှိပြီး ကော်မတီကို (၇) ဦးဖြင့် ဖွဲ့စည်းထားသည်။ တလတကြိမ် အစည်းအဝေးကျင်းပပြုလုပ်ပြီး စေတ နာအလျောက် လစဉ် တလ ၅၀၀/ ကျပ်နှုံး ငွေစုပြီး ဆင်းရဲသော ကလေးငယ်များ ကျန်းမာရေးထောက်ပံ့ပေးသည်။ ၎င်းအဖွဲ့သည် ဝါတွင်း(၃)လ အတွင်း အမျိုးသားများမှ အလှူခံခြင်း၊ အမျိုးသမီးများမှ ဥပုပ်နေ့တိုင်း ဘုရားရှိခိုး၊ ဆွမ်းတော်ပွဲပြင်၊ တနင်္ဂနွေနေ့တိုင်း နံနက် ၇:၃၀ မှ နေ့ ၁၂:၀၀ နာရီထိ အကုန်အကျခံ၊ ဧည့်ခံ ကျွေးမွေးပြုလုပ်ကြသည်။ လပြည့်လကွယ်နေ့များတွင် ဘုန်းကြီးကျောင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ သဘာဝပါတ်ဝန်ကျင်ထိန်းသိမ်းရေးအနေဖြင့် ပလပ်စတစ် ကောက်ခြင်းတို့ကို ပြုလုပ်ကြသည်။

သမဝါယမအဖွဲ့

အဖွဲ့ဝင်ပေါင်း (၁၅၀) ခန့် ရှိသည်။ (၅) ဦးတဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်တဦးလျှင် ၁၀၀၀၀၀/ ကျပ်၊ အတိုး ၁.၅% ၊ ချေးငွေကာလ (၆) လ၊ နှုံးဖြင့် ငွေချေးသည်။ အဖွဲ့ဝင်များ စုငွေ ၁၀၀၀၀/ ကျပ်စီ စုဆောင်းရပြီး စုငွေကို မည်သည့်အချိန်တွင် ပြန်ထုတ်ခွင့်ရှိသည်ကို ရှင်းရှင်းလင်းလင်း မသိကြပါ။ ၎င်းစုငွေအပေါ်တွင်လည်း အတိုးရမည်၊ မရမည်ကို မသိကြပါ။ ချေးငွေကိုလည်း လိုသလောက်၊ လိုအပ်သည့် အချိန်တွင် ချေးယူနိုင်ခြင်းမရှိ၊ ပြန်ဆပ်ငွေကိုလည်း သတ်မှတ်အချိန်တွင်သာ ပြန်လည်ပေးဆပ်ကြရသဖြင့် ငွေချေးခြင်း၊ ငွေဆပ်ခြင်းကို အချိန်မရွေး ပြုလုပ်၍ မရပါ ။

စိုက်ပျိုးရေးနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်

အဖွဲ့ဝင် (၂၀) သာရှိပြီး လယ်တဧကလျင် ၁၀၀၀၀/ ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧက အတွက် တစ်ဆယ်သိန်း အထိ ချေးယူခွင့် ပြုသည်။အတိုးနှုန်းမှာ (၀.၈%) ဖြစ်ပြီး ချေးငွေကာလမှ (၆) လဖြစ်သည်။ နှစ်စဉ် ဇူလိုင်လတွင် ငွေထုတ်ချေးပြီး ဇန္နဝါရီလတွင် ပြန်ဆပ်ရသည်။ မိမိကျေးရွာသာမက ကျေးရွာအုပ်စုတခုလုံး ငွေအကျေဆပ်ပြီး မှသာ နောက်တကြိမ်ထပ်မံ ငွေချေးနိုင်သည်။ မိမိတဦးချင်းသော်လည်းကောင်း၊ မိမိကျေးရွာအနေဖြင့်သော်လည်းကောင်း၊ ငွေအကျေဆပ်ပြီးသော်လည်း အခြားမိမိကျေးရွာအုပ်စု၊ ကျေးရွာများမှ ငွေမကြေသေးပါက ငွေထုတ်ချေးခြင်း မပြုပါ။ ထို့ကြောင့် ယခုနှစ်တွင် စပါးများစိုက်ပြီးသော်လည်း ယနေ့ထိ ငွေထုတ်ချေးပေးခြင်းမရှိသေးပါ။ တောင်သူများအနေဖြင့် စိုက်ဘဏ်မှ ငွေချေးသည်ဆိုသော်လည်း ထိရောက်မှုမရှိဘဲ အခြားမှအတိုးနှုန်းမြင့်မားစွာပေးပြီး ထပ်မံချေးယူ စိုက်ပျိုးကြရသည်။ ငွေချေးခွင့်ရရှိသူမှာလည်း တရွာလုံးအတွက် တောင်သူ (၂၀) ဦးသာ ငွေချေးခွင့် ရကြသည်။ ထို့ကြောင့် စိုက်ဘဏ် ငွေချေးစနစ်သည် ဆင်းရဲသားနှင့် ဆင်းရဲသားတောင်သူများအတွက် ထိရောက်မှု နည်းနေသည်ကို တွေ့ရသည်။

စိတ်တူကိုယ်တူအဖွဲ့များ (လက်ရေတပြင်တည်းနှင့် ကောင်းကင်သစ်)

ၚင်းအဖွဲ့များတွင် လက်ရေတပြင်တည်းအဖွဲ့မှာ အဖွဲ့ဝင်(၁၅)ဦးနှင့် ကောင်းကင်သစ် အဖွဲ့တွင် အဖွဲ့ဝင် (၁၀) ဦး ရှိသည်။ လက်ရေတပြင်တည်းအဖွဲ့တွင် အဖွဲ့ရံပုံငွေ သိန်း (၃၀) ကျော် ရှိပြီး အတိုး ၂% ဖြင့် အများဆုံး (၂၀၀၀၀၀) ကျပ်အထိချေးယူနိုင်သည်။ ချေးငွေကာလမှ (၆) လ ဖြစ်ပြီး ငွေချေးရန် တပတ်ကြိုတင် အသိပေးရသည်။

နာရေးကူညီမှုအသင်း

ၚင်းအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအဖွဲ့ဝင် (၃၀) ဦးရှိသည်။ အရေးပေါ် နာရေးကူညီရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကော်မတီကို (၁၀) ဦးဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ကြေးမှာ တဦးလျှင် (၅၀၀၀) ကျပ်၊ လစဉ်စုဆောင်းငွေမှာ (၅၀၀) ကျပ်ဖြစ်သည်။. အဖွဲ့ရံပုံငွေ (၂၀၀၀၀၀)ကျပ်ရှိသည်။ အိုးခွက်ပုဂံများကို အဖွဲ့ပိုင်ဝယ်ထားပြီး ငှါးရမ်းခ (၅၀၀၀)ကျပ် ရသည်။ ၚင်းငွေဖြင့် အဖွဲ့ဝင် နာရေးတဦးလျှင် (၂၅၀၀၀) ကျပ်ပံ့ပိုးပေးပြီး ပြန်ဆပ်ရန်မလိုပါ။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မှုံပြာကျေးရွာတွင် စုစုပေါင်းလယ်မြေ (၆၈) ဧက၊ ယာ ၄၉ ဧကနှင့် အိမ်ခြံဝင်း စိုက်ခင်း (၁၃၀) ဧက (ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်။) ကို ဘီလူးချောင်းမှ ရေစုပ်စက်ဖြင့် တစ်နှစ်ပတ်လုံးရေတင် စိုက်ပျိုးကြသည်။ လယ်မြေများကို မိုးရာသီတွင် စပါးစိုက်ပျိုးကြပြီး ဆောင်းနှင့် နွေရာသီတွင် ၚင်းလယ်များ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် သုံးသီးစား စိုက်ပျိုးကြသည်။ အိမ်ခြံဝင်းများတွင်လည်း ဟင်းသီးဟင်းရွက်ကို တနှစ်ပါတ်လုံး စိုက်ပျိုးကြသည်။

မှုံပြာကျေးရွာသည် လွိုင်ကော်မြို့၏ အဓိက ဟင်းသီးဟင်းရွက်စိုက်ပျိုးတင်ပို့ ထုတ်လုပ်သည့် အရေးပါသော ကျေးရွာဖြစ်သည်။ ဘီလူးချောင်းနှင့် ဝေးသော ယာမြေများတွင် မိုးရေကိုသာ အားကိုးစိုက်ပျိုးကြရသည်။ မှုံပြာကျေးရွာတွင် မြေယာမဲ့ ၂၆ အိမ် (၁၄.၄%) ဆင်းရဲတောင်သူ ၁၃၃ အိမ် (၇၃.၉%)၊ တောင်သူငယ် ၁၃ အိမ်၊ (၇.၂%) ရှိသည်။ ထိုကြောင့် စုစုပေါင်း အိမ်ခြေ ၁၈၀ အနက် ၁၇၂ အိမ်မှာ မြေယာမဲ့နှင့် ဆင်းရဲသား တောင်သူများဖြစ်နေသည်ကို တွေ့ရ သည်။ ၎င်းလယ်ယာများမှာလည်း မိုးရေသောက်စိုက်ပျိုးမြေများဖြစ်သဖြင့် ဝမ်းစာဖူလုံမှု မရှိကြပါ။ အကယ်၍ အရှည် ပေ (၂၅၀၀) ခန့် မြစ်ရေတင်စီမံကိန်းကို ပလဖအင်းမှ၎င်း၊ (သို့မဟုတ်) (၁.၅) မိုင်ခန့် အရှည် (သပြေပင်အင်း) မှ၎င်း လယ်များကို မြစ်ရေတင်စီမံကိန်းဖြင့် ဆည်ရေရရှိပါက လက်ရှိလယ် (၆၈) ဧက အပြင် ဘေးပါတ်ဝန်းကျင်ရွာများအပါအဝင် လယ်ဧက (၁၀၀၀) နီးပါး စပါးကိုသီးထပ် (၂ သီးစား) စိုက်ပျိုးနိုင်မည် ဖြစ်ပြီး စပါးအထွက်နှုံးတိုးလာမည်။ ဝမ်းစာဖူလုံမှု တိုးလာနိုင်ပါသည်။

စိုက်ပျိုးရေးသီးနှံ

လယ်သမား (၂၀) ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ်ဧက(၃.၄)ဧကနှုန်းပိုင်ဆိုင်ပြီး လယ်မြေ စုစုပေါင်း (၆၈) ဧက။ ယာလုပ်ကိုင်သူ (၄၇) ဦးရှိပြီး ပျမ်းမျှ ယာမြေဧက (၁.၀၄) ဧကနှုံး ပိုင်ဆိုင်သည်။ ယာမြေစုစုပေါင်း မှာ (၄၉) ဧကရှိသည်။ ဟင်းသီး/ရွက်ခြံစိုက်ပျိုးသူ (၁၃၅) ဦးရှိပြီး ပျမ်းမျှ (၀.၉၆) ဧကနှုံးနှင့် စုစုပေါင်း ခြံမြေ (၁၃၀) ဧက ရှိသည်။ အချို့တောင်သူများမှာ လယ်၊ ယာနှင့် ခြံ (၃) မျိုးစလုံး လုပ်ကိုင်ကြသည်။ ထို့ကြောင့် စုစုပေါင်းတောင်သူမှာ (၁၅၅) ဦးရှိပြီး ပျမ်းမျှစိုက်ပျိုးမြေ (၁.၆) ဧက၊ စုစုပေါင်းစိုက်ပျိုးမြေမှာ (၂၄၇) ဧကရှိသည်။

စပါးသီးနှံ

လယ်ပိုင်ဆိုင်သည့် တောင်သူ (၂၀) ဦးရှိပြီး ကျေးရွာ၏ စပါးသီးနှံ စိုက်ဧကမှာ (၆၈/၁၅၀) ဧကခန့် ဖြစ်ပါသည်။ အများစုမှာ ရွှေရင်အေးစပါးကိုစိုက်ပျိုးကြပြီး ဇွန်လတွင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ကောက်ရိတ် သိမ်းကြသည်။ တဧကစပါးမျိုး (၂) တင်းနှုံးပျိုးထောင်ပြီး ပင်ကြား ၆ လက်မ၊ တန်းကြား ၆ လက်မ စိုက်စနစ် ဖြင့် ပျိုးသက်တလသားအရွယ်တွင်ကောက်စိုက်သည်။ လယ်များမှာ ဘီလူးချောင်းကမ်းဘေးတွင် တည်ရှိသော်လည်း သွင်းရေမရသောကြောင့် ရေစုပ်စက်များကို တနာရီလျှင် (၄၀၀၀) ကျပ်နှုံးဖြင့် ငှါးရမ်း အသုံးပြုကြရ သည်။ လယ်တဧကအတွက် ကုန်ကျစရိတ်များမှာ လယ်စိုက်ချိန်ထိ ရေစုပ်စက်ခ (၂၈၀၀၀) ကျပ်၊ တစ်ရာသီအတွက် ရေစုပ်စက်ခ နာရီ (၂၀) အတွက် (၈၀၀၀၀) ကျပ်၊ မျိုး ၂ တင်းဘိုး (၂၀၀၀၀) ကျပ်၊ လက်တွန်းထွန်စက်ခ တဧက (၂၈၀၀၀) ကျပ်၊ ပေါင်းသတ်ဆေး (၅၀၀၀) ကျပ်၊ ပုလဲခါတ်မြေဩ ၂ အိတ်အတွက် (၄၈၀၀၀) ကျပ်၊ အာမိုတအိတ်အတွက် (၄၀၀၀၀) ကျပ်၊ ခါတ်ဆားဘိုး (၉၅၀၀) ကျပ်၊ ကောက်စိုက်ခ တဦး (၅၅၀၀) ကျပ်နှုံးဖြင့် (၈) ယောက်အတွက် (၄၄၀၀၀) ကျပ်၊ ပျိုးနှုတ်ခ (၁၀၀၀၀) ကျပ်၊ ကောက်ရိတ်ခ (၁၀၀၀၀၀) ကျပ်၊ ခြွေခ တတင်း ၂၀၀ ကျပ်နှုံးဖြင့် ပျမ်းမျှ တင်း (၆၀) အတွက်

(၁၂၀၀၀) ကျပ်။ စုစုပေါင်း တဧက ကုန်ကျစရိတ်မှာ (၄၂၄၅၀၀) ကျပ်ဖြစ်သည်။ ထွက်ရှိသော စပါးကို လယ်ကွင်းမှ ဘီလူချောင်းဘေးသို့ လှည်း (သို့) ထော်လာကျီဖြင့် သယ်ယူပြီး၊ ဘီလူချောင်း အားလှေဖြင့်ဂင်း၊ ဘီလူးချောင်းမှတဆင့် အိမ်သို့ လူအား၊ နွားလှည်း၊ ထော်လာကျီ ဖြင့် အဆင့်ဆင့် သယ်ယူစရိတ် မပါသေးချေ။ တဧက စပါးထွက်နှုံးမှာ စိုက်ပျိုးရေး ပေးနိုင်မှုနှင့် မြေပေါ်မူ တည် ၍ အနည်းဆုံး (၄၀)တင်းမှ (၈၀) တင်းအထိထွက်ပြီး စပါးတတင်းတန်ဖိုးမှာ (၁၀၀၀၀) ပါတ်ဝန်းကျင် သာရှိသဖြင့် တောင်သူများအနေဖြင့် အရှုံးပေါ်လျက်ရှိသည်။ အကယ်၍ မြစ်ရေတင်စီမံကိန်း၊ ကုန်ထုတ်တံတား ဆောက်လုပ်ခြင်းနှင့် လယ်ယာသုံးစက်ကရိယာများကို ပံ့ပိုးပေးနိုင်ပါက ရေစုပ်စက်ခ၊ ထွန်ယက်ခနှင့် သယ်ယူစရိတ် သက်သာလာပြီး တောင်သူများအနေဖြင့် အကျိုးရှိ လာနိုင်ပါသည်။

ယာစပါးသီးနှံ

ယာစပါးကို တောင်သူ (၄၇) ဦးမှ (၄၉) ဧကခန့်ကို စိုက်ပျိုးကြသည်။ ခရမ်း၊ ရေသခွါး၊ ခရမ်းချဉ်၊ ပန်းဂေါ်ဖီတို့ကို စိုက်ပျိုးကြသည်။

ဟင်းသီး/ရွက်ခြဲ စိုက်ပျိုးခြင်း

တောင်သူ (၁၃၅) ဦးမှ အိမ်ခြံနှင့် လယ်များတွင် ဆောင်းသီးနှံအဖြစ် ဟင်းသီး/ရွက်ကို အဓိက ဝင်ငွေရ သီးနှံအနေဖြင့် စိုက်ပျိုးကြသည်။ မိုးအလွန်များချိန်မှအပ တနှစ်ပါတ်လုံး စိုက်ပျိုး ကြသည်။ အဓိကစိုက်ပျိုးသော ဟင်းသီး/ရွက်များမှာ သခွါး၊ ခရမ်း၊ ခရမ်းချဉ်၊ ပန်းဂေါ်ဖီ၊ ဘူးသီး၊ ခဝဲသီး၊ မုံညင်း၊ ကန်စွန်းရွက်၊ ချဉ် ပေါင်၊ နံနံ၊ ဆလပ်၊ ငရုပ်၊ ပဲသီး၊ ပဲတောင့်ရှည်၊ ဘိုစားပဲ၊ စသည်တို့ကို စိုက်ပျိုးကြသည်။ မိုးရာသီတွင် စိုက်ပျိုး ဧက (၅၀ မှ ၇၅) ခန့် ရှိသော်လည်း ဆောင်းရာသီတွင် အိမ်ခြေ (၁၅၀) ခန့်မှ တအိမ်ထောင်လျင် အနည်းဆုံး (၃) ဧကမှ (၅) ဧက၊ စုစုပေါင်း (၂၀၀ မှ ၂၂၅) ဧကထိ စိုက်ပျိုးကြသည်။ ထွက်ရှိသော ဟင်းသီး /ရွက်များကို လွိုင် ကော်၊ မိုးဗြဲနှင့် ဒီမောဆိုးမြို့များသို့ အဆင့်ဆင့် တင်ပို့ရောင်းချကြသည်။ ဟင်းသီး/ ရွက် တဧက စိုက်ပျိုး ရန် သွင်းအားစု စုစုပေါင်းမှာ (၁၅) သိန်းမှ (၂၀) သိန်းခန့် ကုန်ကျပြီး တဧက ဝင်ငွေမှာ သိန်း (၃၀) မှ (၅၀) သိန်းအထိ ဈေးကွက်အပေါ်မူတည်၍ ဝင်ငွေရကြသည်။ အဓိက ပြဿနာမှာ ဓါတ်မြေဩဇာ နှင့် ပိုးသတ်ဆေးများကို အလွန်အကျွံ အသုံးပြုနေသည်ကို တွေ့ရသည်။

မွေးမြူရေးကို ၁၅၄ အိမ်မှ မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၃ အိမ် ရှိသည်။ ကျေးရွာတွင် နွား၊ ကြက်နှင့်ဝက်ကို အဓိက မွေးမြူပြီး နွား ၃၉ ကောင်၊ မြင်း ၁ ကောင်၊ ဆိတ် ၄ ကောင်၊ ဝက် ၁၀၉ ကောင်၊ ကြက် ၃၈၂ ကောင်၊ ဘဲ ၁၃၅ ကောင်နှင့် ငါးကန် ၁ ကန်ရှိသည်။ မြင်းကို မြင်းလှည်းခိုင်းရန် အသုံးပြုကြသည်။ ဝက်၊ဘဲနှင့် ကြက်ကို တပိုင်တနိုင်အနေဖြင့် မိသားစုဝင်ငွေ အတွက်မွေးမြူကြပါသည်။ ကြက်ကို စီးပွါးဖြစ်မွေးမြူလေ့မရှိဘဲ မိမိတို့ စားသုံးရန်အတွက်သာ မွေးမြူလေ့ ရှိကြသည်။ နွားကို ခိုင်းနွားနှင့် သားဖေါက်ရန်အတွက် တောင်သူများက အဓိကမွေးမြူကြသည်။ တိရိစ္ဆာန် မွေးမြူရန်

စားကျက်၊ ဈေးကွက်၊ ရေအလုံအလောက်ရှိပြီး အခွင့်အလမ်းကောင်းများရှိသည်။ ငါးကန်ကို ဌာန ပေါင်းစုံပိုင်အနေဖြင့်ရှိသော်လည်း လက်ရှိတွင် ငါးကန်များမှာ ငါးမွေးမြူခြင်းမရှိပါ။ ငါးကန် လုပ်ငန်းတိုးချဲ့ရန်နှင့် အခြားသူများလုပ်ကိုင်ရန် အခွင့်အလမ်းရှိသည်။ စီပီဂက်နှင့် ဥစားကြက် မွေးမြူရန် အလားအလာရှိ သည်။ ဈေးကွက်အတွက် လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သော ရောဂါ များကိုကာကွယ်နိုင်ခြင်းမရှိ၊ နည်းပညာဝန်ဆောင်မှု မရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ် မွေးမြူလေ့မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာ ဝန်ဆောင်မှု လက်လှမ်းမမီ နိုင်သဖြင့် မွေးမြူရေးတောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

ငါးမွေးမြူရေး

တအိမ်မှ ငါးကန်ရှိပြီး ငါးမွေးမြူရေးကိုလုပ်ကိုင်လျက်ရှိသည်။ ငါးမွေးရန် ရေအလုံလောက် ရရှိနိုင်ပြီး ဈေးကွက် အလွန်ကောင်းသည်။ ၎င်းအပြင် ယခင် အစိုးရဌာနပေါင်းစုံမှ ငါးမွေကန် ဟောင်းများရှိသော်လည်း ယခုအခါ မည်သူမျှ မွေးမြူခြင်းမရှိသဖြင့် ရွာသူ/သားများမှ ၎င်းနေရာ တွင် ငါးမွေးမြူရန် စိတ်အားထက်သန်နေကြ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများမှာ တွင်ခုံလုပ်ငန်း ၁ ခု၊ ကန်ထရိုက်လုပ်ငန်း ၁ ဦး၊ လက်သမား ခေါင်း ဆောင် ၄ ဦး၊ သယ်ယူပို့ဆောင်ရေး ၅ ဦး၊ ဈေးဆိုင် ၂၀၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၁ ခုရှိသည်။ ကျပန်း ၂၆ ဦး၊ အစိုးရဝန်ထမ်း ၄ ဦးနှင့် လက်သမား၊ ပန်းရံ ၁၈ ဦး၊ စုစုပေါင်း အလုပ်သမားအိမ်ထောင်စု ၄၈ ရှိသည်။ ကျွမ်းကျင်သော လုပ်ငန်းအချို့ရှိသော်လည်း ပုံမှန်အလုပ်အကိုင်မရကြပါ။ ကျွမ်းကျင်မှုလည်း လိုအပ် နေသေးသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်မရှိ။ ပုံမှန် ဝင်ငွေမရ။ တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည် အဓိကလုပ်ငန်းဖြစ်သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။ နေ့စားအလုပ်သမားများ၏ တရက်ဂင်ငွေမှာ ပျမ်းမျှ ၃၀၀၀ ကျပ်ခန့်ရှိပြီး စားဂတ်နေရေး ခက်ခဲကြသည်။ လယ်ယာစိုက်ချိန်တွင် အလုပ်ပေါ်ပြီး ကျန်အချိန် များတွင်အလုပ်ခက်ခဲသည်။ အကြွေးယူကာ (သို့) လုပ်အားကြိုရောင်းခြင်းဖြင့် ဖြေရှင်းရသည်။ အနီးပတ်ဂန်းကျင်ရွာများသို့ သွားရောက်လုပ်ကိုင်ကြရသည်။ မြို့နှင့်နီးပြီးလမ်းပန်းဆက်သွယ်ရေး ကောင်းသည်။ ဈေးကွက်နှင့်နီးသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဆေးဖက်ဝင်အပင်များ၊ ငါးများ၊ ငှက်များ တိရိစ္ဆာန်များထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုအားနည်းပြီး သဘာဝအရင်းအမြစ်ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။

ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျစွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာသည်။ သစ်တောများလည်း ထုတ်ယူသုံးစွဲမှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် သစ်တောပြုန်းတီးလာသဖြင့် စိမ့်စမ်းရေထွက်များလည်း တဖြည်းဖြည်းခမ်းခြောက်လာသည်။ အခြားမည်သည့်ဌာနကမှ သင်တန်းပေးခြင်း ကြုံတင်စီမံပေးခြင်းများမရှိပါ။ ဗဟုသုတလည်း နည်းကြသည်။

(၁)မြေဆီလွှာဆုတ်ယုတ်လာခြင်း

နွားချေးဆွေး၊ သစ်ဆွေးမြေဩဇာကို လုံလောက်စွာ အသုံးပြုနိုင်ခြင်း မရှိသောကြောင့် အရည်အသွေးမမီသည့်ဓါတ်မြေဩဇာကိုအားထားအသုံးပြုခြင်း၊ ပေါင်းသတ်ဆေးများ သုံးစွဲသည့် အတွက် မြေကြီးအရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်သည်။

(၂)ဓါတုပိုးသတ်ဆေးများအလွန်အကျွံသုံးစွဲခြင်း

စိုက်ပျိုးသီးနှံများအတွက် ဓာတုပိုးသတ်ဆေးနှင့် ဓါတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲခြင်းကြောင့် စနစ်တကျမသုံးစွဲတတ်သူများနှင့် စားသုံးသူများအတွက် အသက်အန္တရာယ်ပေးမှု ရှိနိုင်ပါသည်။

(၃)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ဘဏ်မှတောင်သူ ၁၃၅ ဦးကို (၃၇၀) သိန်းငွေ ချေးပေးသည်။ ၁ ဧကလျှင် ၁ သိန်း အများဆုံး ၁၀ ဧက အတွက် ၁၀ သိန်းထိထုတ်ချေးပြီး၊ အတိုးနှုန်းမှာ (၄၂) ပြားတိုး ဖြစ်သည်။ ဖိလ(သို့) ဈလကြာလျှင်ပြန်ဆပ်ရသည်။ လယ်ဧကနည်းသူများနှင့် ဟင်းသီး/ရွက် စိုက်ပျိုးရေးအတွက် ချေးငွေမေကြပါ။ လယ်ဧက ၆၈ ခန့် အတွက် ထုတ်ချေးငွေမှာ စိုက်စရိတ် လုံလောက်မှုမရှိကြပါ။ သမ မှ ၁၅၀ ဦးကို ၁၅၀ သိန်း ထုတ်ချေးပေးထားသည်။ အမျိုးသမီး စိတ်တူကိုယ်တူအဖွဲ့များမှလည်း ၎င်းအဖွဲ့ဝင်များ ချေးငွေကို လက်လှမ်းမီကြသည်။ သို့သော် ချေးငွေ လုံလောက်မှုမရှိကြပါ။ ကျေးရွာတွင် စိုက်ပျိုးစရိတ် နှင့် အခြားလုပ်ငန်းများအတွက်ချေးငွေ ထုတ်ချေးသောအဖွဲ့များမှာ အားနည်းနေပြီး (ချမ်းသာသူများ) ငွေတိုးပေးသူများသာရှိသည်။ လွိုင်ကော်နှင့် မိုးဗြဲရှိ အပေါင်ဆိုင်၊ ပွဲစား၊ ပွဲရုံ စသည်တို့မှငွေချေးငှားပါက အပေါင်ခံပစ္စည်း ရှိမှသာ ငွေချေး နိုင်ကြသည်။ အခြားဆင်းရဲသားများမှာ ကျေးရွာတွင် ရွှေထည်ပစ္စည်းဖြင့် ၃ကျပ်တိုး၊ အပေါင်ပစ္စည်းမပါဘဲ ၁၀ကျပ်တိုးဖြင့် အချင်းချင်းငွေချေးကြသော်လည်း အလုံအလောက်မရနိုင်ကြပါ။ တဦးဆီမှ (၁၀၀၀၀ မှ ၃၀၀၀၀) ကျပ်အထိသာချေးယူနိုင်ကြသည်။ အရေးပေါ်နှင့် လိုအပ်သည့် အချိန်တွင်လည်း အလွယ်တကူ မရနိုင်ကြပါ။

(စ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မှုံပြာကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ် တန်းကျောင်းခွဲရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၃ ယောက်၊ အလယ်တန်းဆရာမ ၂ ဦးမှ ပညာ သင် ကြားလျှက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၆၆ ယောက် (၉၇% ကျောင်းအပ်နှန်း)၊ နှင့် အလယ်တန်းကျောင်းသား ဦးရေ ၁၂၃ ဦး (၁၅၃.၈%) ဖြစ်နေရခြင်းမှာ ၂၀၁၄ ခုနှစ်တွင် အလယ်တန်းကျောင်းခွဲရသဖြင့် အချို့ကလေးငယ်များမှာ အသက်ကြီးမှ ကျောင်းပြန်တက်ကြရသောကြောင့် ဖြစ်သည်။ ယခင်က ရွာတွင် အလယ်တန်းကျောင်းမရှိသဖြင့် ကျောင်းထွက်ကြသည်။ ယခုအခါ ၆ တန်းအထိ မူလွန်ခွင့်ပြုချက်ရသောအခါ ကျောင်းပြန်တက်သူရှိသဖြင့် အလယ်တန်းခွဲကျောင်းတွင် ကျောင်းသားများနေရခြင်းဖြစ်ပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ လက်ရှိစာသင်ကျောင်းမှာလည်း ဟောင်းနွမ်းပျက်စီးနေသည်။ သောက် ရေနှင့် ယင်လုံအိမ်သာ လုံလောက်မှုမရှိ။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်မှာ လွှိုက်ကော်သို့ သွားရောက်တက်ရခြင်းနှင့် မိဘများဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင် သောကြောင့်ဖြစ်သည်။ အထက်တန်းပညာတွင် ကျား(၁၈)ဦး၊ မ(၂၁)ဦး၊ ပေါင်း (၃၉)ဦးလည်း တက်ရောက် သင်ကြားနေကြပါသည်။ ယခုနှစ်တွင် ကျား (၄)ဦး နှင့် မ(၈)ဦး၊ စုစုပေါင်း (၁၂) ဦးတို့သည် တက္ကသိုလ် တက်ရောက်နေကြပါသည်။

ကျန်းမာရေးကဏ္ဍအတွက် ကျေးရွာတွင် ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာ လုံလောက်ကောင်းမွန်သည်။ လျှပ်စစ်မီး တပ်ဆင်ထားပြီးဖြစ်သည်။ တာဝန်ကျ ကျန်းမာရေးမှူး ၁ ဦး၊ သားဖွားဆရာမ ၁ ဦးနှင့် အရပ်လည်သည် ၁ ဦး ရှိသည်။ ဆေးခန်းသုံးပရိဘောဂနှင့် ပစ္စည်းများလုံလောက်မှုမရှိပါ။ အရေးပေါ်ကိစ္စဖြစ်ပါက ၄.၈ ကီလိုမီတာ ဝေးသော လွိုင်ကော်ဆေးရုံသို့ သွားရောက်ကုသကြသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သွေးအားနည်းခြင်းများ မကြာခဏ ကြုံရသည်။ ကျေးရွာဆေးခန်းတွင် ကိုယ်ဝန်အပ်လေ့ရှိပြီး သံဓါတ်အားဆေး အခမဲ့၊ တလ တကြိမ် ပြုစုစောင့်ရှောက်မှုရရှိသည်။ ကျေးရွာတွင် မာလင်အဖွဲ့မှ ကိုယ်ဝန်ဆောင်နှင့် ၅ နှစ်အောက် ကလေးငယ်များ ဆေးဝါး၊ ဆေးရုံတက်ခပ်ပိုးပေးသည်။ ကျေးရွာထောက်ခံချက်နှင့် သားဖွါးဆရာမ ထောက်ခံချက်လိုအပ်ပြီး မီးဖွါးစရိတ် (၃၀၀၀၀) ကျပ်ပံ့ပိုးပေးသည်။ ကျန်းမာရေးအတွက် ဆေဖ်သချဲလ်ဒရင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး၊ မာလင်အဖွဲ့၊ ဝေါလ်ဗွီးရှင်းအဖွဲ့များနှင့်ဆက်သွယ် ဆောင်ရွက်လျက်ရှိသည်။

တစ်ရွာလုံး **သောက်ရေ အတွက်** ရေတွင်း ၃၅ တွင်း၊ အဝီစိတွင်း ၈ တွင်းနှင့် တစ်ရွာလုံး ဘီလူချောင်းရေကို ချိုးရေ၊ သုံးရေအနေဖြင့်သုံးစွဲကြသည်။ နွေရာသီတွင်ရေတွင်းများ ရေခမ်းလေ့ရှိသည်။ ဘုန်းကြီးကျောင်း စုပေါင်းရေကန်မှ သုံးစွဲကြရသည်။

ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြသည်။ အိမ်ထောင်စုပေါင်း (၁၈၀) တွင် အိမ်ထောင်(၁၇၁)သည် ယင်လုံအိမ်သာကို သုံးစွဲကြသည်။ အချို့မှာ ၂ အိမ် စုပေါင်းအသုံးပြု

ကြသည်။ ရွာတွင်းသန့်ရှင်းရေးကို တနှစ် (၂) ကြိမ် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်လုပ်လေ့ရှိသည်။ ကျန်းမာရေး ကော်မတီမရှိ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ဗီဒီယိုရုံ၊ ရုပ်ရှင်ရုံသီးခြားမရှိသော်လည်း အိမ်တိုင်းနီးပါး တီဗီရှိကြသည်။ နွေရာသီ ကယားနှစ်သစ်ကူးပွဲတွင် ရိုးရာအဆို၊ အကများဖြင့်ဖျော်ဖြေခြင်း၊ အဆို၊အက ပြိုင်ပွဲတွင် ဒုတိယဆု၊ တတိယဆု ရခဲ့ဘူးသည်။ သင်္ကြန်တွင် လူငယ်များ အကများဖြင့် ကလေ့ရှိကြသည်။ သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေးကဏ္ဍအတွက် အမာခံအင်အားအဖြစ် တက်ကြွစွာ ဆောင်ရွက်ကြသည်။ ဓမ္မဂုဏ်ရည်စုဗူးအဖွဲ့ရှိပြီး ၎င်းအဖွဲ့ကို ကျောင်းထိုင်ဆရာတော်မှ ဦးဆောင်ပြီး ၂.၆.၂၀၁၃နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ဝင် လူငယ် (၃၀) ဦးရှိပြီး ကော်မတီကို (၇) ဦးဖြင့် ဖွဲ့စည်းထားသည်။ တလတကြိမ် အစည်းအဝေးကျင်းပပြုလုပ်ပြီး စေတနာအလျောက် လစဉ်ကြေး ၅၀၀/ ကျပ်နှုံး ငွေစုပြီး ဆင်းရဲသောကလေးငယ်များကို ကျန်းမာရေး ထောက်ပံ့ပေးသည်။ ၎င်းအဖွဲ့သည် ဝါတွင်း (၃) လအတွင်း အမျိုးသားများမှ အလှူခံခြင်း၊ အမျိုးသမီးများမှ ဥပုပ်နေ့တိုင်း ဘုရားရှိခိုး၊ ဆွမ်းတော်ပွဲပြင်ခြင်း၊ တနင်္ဂနွေနေ့တိုင်း နံနက် ၇:၃၀ မှ နေ့ ၁၂:၀၀ နာရီထိ အကုန်အကျခံ၊ ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ကြသည်။ လပြည့်လကွယ်နေ့များတွင် ဘုန်းကြီးကျောင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် ပလပ်စတစ်ကောက်ခြင်းတို့ကို ပြုလုပ်ကြသည်။ စာသင်ကျောင်းဝိုင်းအတွင်း ဘောလုံးကွင်းရှိပြီး လူငယ်များညနေတိုင်း ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်းကစားခြင်းတို့ရှိသည်။ အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရမှုများရှိသည်။ ကျေးရွာ စုပေါင်းအားကစားကွင်းမှာ မြေနိမ့်နေသောကြောင့် ရေဝပ်သဖြင့် မိုးရာသီတွင်း ကစားရန် အခက်အခဲ ရှိသည်။ အင်းသားရိုးရာအကများ ကလေ့ရှိကြသည်။ ကယားပြည်နယ်နေ့တွင် အကပြိုင်လေ့ရှိပြီး တတိယဆု နှင့် နှစ်သိမ့်ဆုများ ရဘူးသည်။ လှေလှော်ပြိုင်ပွဲတွင် ပထမဆုရဘူးသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံ လုံလောက်မှုမရှိသေး။ လူငယ်အချို့ ဖုန်းအင်တာနက်ကို အသုံးပြုကြသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု

လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး- ကျေးရွာတွင် လက်ရှိ ၁၅ ပေအကျယ်၊ ၁၀ ပေအရှည် တံတား ၃ စင်းလုံးကို ၂၀၁၄ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအကူအညီဖြင့် ကျေးရွာချဉ်းကပ်လမ်းပြုပြင်ခြင်းနှင့်အတူ တည်ဆောက်ပေးခဲ့ပါသည်။ ရွာတွင်းအဝင်လမ်းကို ကျောက်ခဲျာလမ်းပြုပြင်ပြီးသော်လည်း ရွာအတွင်း ပေ (၂၅၀၀) ခန့် အရှည် ပြုပြင်ရန်လိုအပ်သည်။ မိုးတွင်းအခါ သွားလာမှုခက်ခဲသည်။ ဘီလူးချောင်း ဟိုဖက်ကမ်းနှင့် ဒီဖက်ကမ်းအကျယ်မှာ ပေ ၆၀၀ ခန့် ကျယ်ဝန်းပြီး ရွာသူ/သားများအနေဖြင့် ဘီလူးချောင်းကို မိုးစပါး စိုက်ပျိုးခြင်း၊ ဆောင်းသီးနှံစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံထွက်ကုန်များသယ်ယူခြင်းနှင့် နာရေးကိစ္စများအတွက် တနှစ်ပါတ်လုံး မဖြစ်မနေဖြတ်ကူးကြရပါသည်။ ရွာတွင် ဆိုင်ကယ် (၁၇၃) စီးမှာ

ကိုယ်ပိုင်များ ဖြစ်သည်။ ထော်လာဂျီ (၁၄) စီးနှင့် ဘတ်စ် ကား (၁) စီး၊ မြင်းလှည်း ၁ စီး၊ သုံးဘီး ဆိုင်ကယ် ၂၀ စီးနှင့် လှေငယ် ၂၃ စီးမှာ သီးနှံများသယ်ယူရန်အတွက် အဓိကလုပ်ကိုင်ကြပြီး ကိုယ်ပိုင်ယာဉ်များဖြစ်သည်။ မှုံပြာကျေးရွာသည် လွိုင်ကော်သို့ ဟင်းသီး/ရွက်အများဆုံး စိုက်ပျိုး တင်ပို့သည့်ရွာဖြစ်ပြီး သုံးဘီးဆိုင်ကယ်နှင့်ထော်လာဂျီကို ကုန်စိမ်းသယ်ယူပို့ဆောင်ရာတွင် အများဆုံး အသုံးပြုကြသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို (၂၀၁၄) ခုနှစ်မှ စတင်ရရှိခဲ့ပြီး (၁၆၁) အိမ်မှ မီတာတပ်ဆင် အသုံးပြုလျက်ရှိကြသည်။ (၅) အိမ်မှာ ဆိုလာအသုံးပြုလျက်ရှိပြီး (၁၄) အိမ်မှာ ဒီဇယ်အင်ဂျင်မီးကို အသုံးပြုလျက်ရှိသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၈၆) လုံး၊ ရေဒီယို (၂၂) လုံး၊ ရုပ်မြင်သံကြား (၁၅၉) လုံးရှိ သည်။ လက်ကိုင်ဖုန်းနှင့်ချိတ်ဆက်သော အင်တာနက်စနစ်ကို လူငယ် (၉၀) ခန့်က ကောင်းမွန်စွာ အသုံးပြုနိုင်ကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

MPT- Telenor network ဆက်သွယ်ရေးကောင်းသည်။ ဝန်ထမ်းများသာ အသက်အာမခံ ထားကြသည်။ ရဲစခန်းနှင့် အဆက်အသွယ်ပြုမူအားနည်းသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မှုံပြာကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၂၄၁) ဦးနှင့် မ (၂၅၅) ဦး၊ စုစုပေါင်း (၄၉၆) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၇.၈%) ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၃၉) ဦး၊ တက္ကသိုလ်တက်ရောက်နေသူ (၁၂) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၄) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့် အနာဂတ် ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ ကျေးရွာ တွင် လက်ရှိလူမှုရေးအဖွဲ့ ၁၃ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာ လည်းအားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် လယ် ၆၈ ဧက၊ ယာမြေ ၄၉ ဧက၊ နှင့် အိမ်ခြံဝင်းစိုက်ခင်း ၁၃၀ ဧက၊ စုစုပေါင်း ၂၄၇ ဧက ရှိပြီးမြေဩ အသင့်အတင့်ကောင်းသည်။ စိုက်ပျိုးမြေများမှာ ဘီလူးချောင်းဘေးတွင် တည်ရှိကြသော်လည်း လယ်၊ ယာနှင့် အိမ်ခြံဝင်း စိုက်ပျိုးမှုအားလုံးကို ရေစုပ်စက်များဖြင့် တနှစ်ပါတ်လုံး ၃ သီးစားရေတင်စိုက်ပျိုးကြရသဖြင့် ကုန်ကျစရိတ်များပြီး အမြတ်အစွန်းနည်းသည်။ ကျေးရွာတွင် လျှပ်စစ်မီးလည်း တပ်ဆင်ပြီး ဖြစ်သဖြင့် အကယ်၍ ဘီလူးချောင်းမှ မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပါက စရိတ်ကုန်ကျမှုသက်သာပြီး လက်ရှိလယ်အားလုံးအပြင် စိုက်ပျိုးရေအခက်အခဲကြောင့် စွန့်ပစ်ထား သော လယ်ဟောင်းများကိုလည်း စိုက်ပျိုးခြင်းဖြင့် စပါးထုတ်လုပ်မှု တိုးတက်လာနိုင်မည်။

အိမ်ခြံဝင်းစိုက်ပျိုးရေးအတွက် လျပ်စစ်ရေမော်တာ တပ်ဆင်အသုံးပြုရန် အလားအလာကောင်းပြီး ရေတင်စိုက်ပျိုးပါကလည်း ရေတင်ခစရိတ် ကုန်ကျမှုသက်သာပြီး အိမ်ခြံဝင်းဟင်းသီးဟင်းရွက် ထုတ်လုပ်မှုလည်း တိုးတက်လာနိုင်မည်။ တဖန် လယ်မြေအားလုံးမှာ ဘီလူးချောင်းတဖက်ကမ်းတွင် တည်ရှိကြသောကြောင့် လုပ်အားနှင့် သယ်ယူစရိတ်များသည်။ အကယ်၍ မြစ်ကူးတံတား တည်ဆောက်နိုင်ပါက အချိန်မရွေးသွားလာ လုပ်ကိုင်နိုင်ကြမည်။ မြေဩဇာအနေဖြင့် စပါးခွံ၊ နွားချေးတို့ကို အသုံးပြုကြပြီး ကောက်ရိုးကို မြေကြီးဖုန်းအုပ်ခြင်းများ ပြုလုပ်လေ့ ရှိသည်။

စိုက်ဘဏ်နှင့် သမဝါယမမှ စိုက်ပျိုးစရိတ်များကို အချိန်မီထုတ်ချေးခြင်း၊ အလုံအလောက် ထုတ်ချေးခြင်းစသည် တောင်သူများနှင့် လိုက်လျောညီထွေသော စည်းမျဉ်းစည်းကမ်းများဖြင့် ချေးငွေစနစ်မူဝါဒချမှတ် ဆောင်ရွက်ပါ က သီးနှံထုတ်လုပ်မှု တိုးလာနိုင်ပါသည်။ ပုံစံ (၇) ရှိသူ တောင်သူ (၂၀) ခန့်သာ စိုက်ဘဏ်မှ ချေးငွေရရှိပြီး သမမှ တောင်သူ (၁၅၀) ဦးသာ တဦးလျှင် ၁၀၀၀၀၀ ကျပ်နှုန်း ချေးငွေရရှိကြသည်။

မြို့တော်လွိုင်ကော်မြို့တို့နှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ်တကူရောင်းနိုင်၊ ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်း မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှ ရရှိနိုင်သည်။

လယ်ယာသုံးစက်ကရိယာများကို အရစ်ကျရောင်းချသောကုမ္ပဏီများလည်း ဒေသအတွင်း ရှိသည်။ ကျေးရွာတွင် ထွန်စက် ၃ စင်း၊ လက်တွန်းထွန်စက် ၄ စင်း၊ ရေစုပ်စက် ၃၀ နှင့် မြက်ရိတ်စက် ၅ ခုကို အသုံးပြုကြ သည်။

မွေးမြူရေးအတွက် စားကျက်မြေသီးသန့်မရှိသော်လည်း ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင် လွှတ်ကျောင်းနိုင်ပြီး လယ်စပါးမှရရှိသော ကောက်ရိုးများနှင့် ဟင်းသီး/ ဟင်းရွက်စိုက်ပျိုးရေးမှ အစာစိမ်းများ ပေါများသည်။ ဘီလူးချောင်းမှ ရေအလုံအလောကက်ရနိုင်သည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ ကျေးရွာတွင် နွား၊ ကြက်နှင့် ဝက်ကို အဓိကမွေးမြူပါသည်။ နွားကို ခိုင်းနွားအဖြစ်အသုံးပြု၍ ခိုင်းနွားဈေးကွက်ကောင်းသည်။ စိုက်ပျိုးရေးအတွက်လည်း နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန်အလားအလာရှိသည်။ ကြက်ကို စီးပွါးဖြစ်မွေးမြူရန် ဈေးကွက်၊ လျပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းသည်။ သွင်းအားစုနှင့် နည်းပညာ ဝန်ဆောင်မှုများကိုလည်း လွိုင်ကော်နှင့်နီးသောကြောင့် အလွယ်တကူရရှိနိုင်သည်။ ငါးကန်နှင့်တွဲဖက်၍ စီပီဂက် မွေးမြူရန်နှင့် ဥစားကြက်မွေးမြူရန် အလားအလာရှိသည်။

ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် ထုတ်ကုန်လုပ်ငန်း ၁ ဦး၊ ဆောက်လုပ်ရေးကန်ထရိုက် ၁ ဦးနှင့် ပန်းရံလက်သမား ၂၂ ဦး၊ ဈေးရောင်းသူ (၂၀) ဦး၊ သယ်ယူပို့ဆောင်ရေး ၅ ဦး၊ ပညာရေးဝန်ထမ်း ၄ ဦး၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၃၁ ခုရှိသည်။ အလုပ်သမားနေဖြင့် လုပ်ကိုင်သူ (၄၈) ဦး ရှိသည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ပျိုးရေးဘဏ်၊ သမဝါယမအဖွဲ့၊ အမျိုးသမီးစိတ်တူကိုယ်တူအဖွဲ့နှင့် လွိုင်ကော်မြို့ရှိ အပေါင်ဆိုင်များမှ ငွေချေးယူနိုင်သည်။

လွိုင်ကော်ဈေးကွက်နှင့် ၃ မိုင်သာဝေးပြီး အချိန်မရွေး၊ ရာသီမရွေး ယာဉ်မျိုးစုံ သွားလာနိုင်သည်။ မိုးဗြဲဈေးနှင့် လည်း ၁၅ မိုင်သာဝေးပြီး ဈေးရက်တွင် မိုးဗြဲဈေးမှာ ဈေးကောင်းရသဖြင့် သွားရောက် ဈေးရောင်းကြသည်။

သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်အနေဖြင့် မီးကင်းစောင့်ခြင်း၊ နွေရာသီ မီးငြိမ်းသတ်မည့် အစီအစဉ်ချမှတ်ခြင်း၊ လိုက်လံစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများသာ ပြုလုပ်ကြသည်။

ပညာရေးအနေဖြင့် ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်ရန် လွိုင်ကော်နှင့်နီးပြီး တက္ကသိုလ်ဘွဲ့ရပြီးသူ ၄ ဦး၊ တက္ကသိုလ် တက်ရောက်နေသူ ၁၂ ဦး၊ အထက်တန်း တက်ရောက်နေသူ ၃၉ ဦးရှိသည်။ အခြေခံ အရေး၊ အဖတ်တတ်မြောက်သည့် မူလတန်းပညာပြီးဆုံးသူ ၂၂၉ ဦးရှိသဖြင့် အလားအလာကောင်းဖြစ်သည်။

ကျန်းမာရေးအနေဖြင့်ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အလုံအလောက်ရှိသည်။ ကျန်းမာရေးမှူ ၁ ဦး၊ သားဖွါး ဆရာမ ၁ ဦးနှင့် အရပ်လက်သည် ၁ ဦးလည်းရှိသည်။ ၎င်းအပြင် ဝေါလ်ဗွီးရှင်း၊ မာလင်အဖွဲ့နှင့် မိခင်နှင့်က လေးအဖွဲ့များမှ ကျန်းမာရေးဗဟုသုတများ ရရှိနိုင်သည်။ မာလင်အဖွဲ့မှ ကိုယ်ဝန်ဆောင်မိခင်နှင့် ၅ နှစ်အောက် ကလေးငယ်များကို ခရီးစရိတ်၊ စားစရိတ်၊ ဆေးရုံတက်ခစသည့်အကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။ မိခင်နှင့်ကလေးအဖွဲ့မှလည်း ကျန်းမာရေးဗဟုသုတများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ ကျေးရွာတွင် ရေတွင်း ၃၅ တွင်း၊ အဝီစိတွင်း ၈ တွင်းနှင့် ချိုးရေ၊ သုံးရေကို ဘီလူးချောင်းရေမှ အသုံးပြုကြသည်။ အိမ်ခြေ ၁၈၀ အနက် ၁၇၁ အိမ်မှ ယင်လုံအိမ်သာကို အသုံးပြုနေကြသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လွိုင်ကော်နှင့် ၃ မိုင်သာဝေးပြီး ကျောက်ချောလမ်းဖြစ်သည်။ ယာဉ်မျိုးစုံ အချိန်မရွေး သွားလာနိုင်သည်။ ဘီလူးချောင်းမှ လှေငယ်၊ စက်လှေငယ်များဖြင့်လည်း သွားလာနိုင်သည်။ သယ် ယူပို့ဆောင်ရေးအနေဖြင့် လှေငယ် ၂၃ စင်း၊ စက်ဘီး ၄၄ စင်း၊ ဆိုင်ကယ် ၁၇၃ စင်း၊ သုံးဘီးဆိုင်ကယ် ၂၀ စင်း၊ ဘတ်စ်ကား ၁ စင်း၊ ထော်လာကျီ ၁၄ စင်းနှင့် မြင်းလှည်း ၁ စင်းရှိသည်။

၂၀၁၄ ခုနှစ်တွင် လျပ်စစ်မီး စတင်ရခဲ့ကြပြီး လက်ရှိ ၁၆၁ အိမ်မှ လျပ်စစ်မီးတပ်ဆင်ထားပြီး ဆိုလာအသုံး ပြု သူ ၅ အိမ်၊ ဒီဇယ်အင်ဂျင်အသုံးပြုသူ ၁၄ အိမ်ရှိသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျိုအဖွဲ့၊ ဓမ္မစုဗူးအဖွဲ့များ ဖွဲ့စည်းထားပြီး တနင်္ဂနွေနေ့တိုင်း အစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ ငွေစုခြင်း၊ ဥပုပ်နေ့တိုင်းဆွမ်းတော်ကပ်ခြင်း၊

လပြည့်လကွယ်ဘုန်းကြီးကျောင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး အနေဖြင့် ပလပ်စတစ်ကောက်ခြင်း၊ ကျေးရွာ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများ အတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ လူငယ်များအားကစားတွင် လေ့လာလိုက်စားမှု အားကောင်းပြီး ဆုရရှိကြသည်။ ရိုးရာယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းကြပြီး အဆိုအကပြိုင်ပွဲများတွင် ဆုရရှိကြသည်။ စာကြည့်တိုက်ရှိပြီး လူငယ်များ စာဖတ်လေ့ရှိကြသည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မုံပြာကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

မုံပြာကျေးရွာ သီးနှံထုတ်လုပ်မှုနည်းနေရခြင်းမှာ မိုးရေကိုသားအားကိုးနေရပြီး ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးရသောကြောင့် လယ်အားလုံးစိုက်ပျိုးနိုင်ခြင်းမရှိ။ ရေသွင်းစရိတ်ကုန်ကျမှုများသည်။ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် မိုးရွာသွန်းမှုနောက်ကျခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေလုံလောက်မှုမရှိခြင်းတို့ နှစ်စဉ်ကြုံရသည်။ စိုက်ဘဏ်မှ ချေးငွေလုံလောက်မှုမရှိ။ ကာလတို ချေးငွေသာဖြစ်နေသည်။ ပြင်ပမှ ချေးငွေကို ၅% မှ ၁၀ % ထိအတိုးနှုန်းဖြင့် ချေးနေရပြီး သွင်းအားစုအချိန်မှီ အသုံးမပြုနိုင်ကြပါ။ အချို့ကျပန်းများ လယ်ယာလုပ်ငန်းမှ အလုပ်နှင့် ဝင်ငွေပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်းကြောင့် လမ်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်သားရှားပါးမှုကြုံရသည်။ ၃ သီးစားစိုက်စနစ်ကြောင့် လယ်ယာသုံး စက်ကိရိယာ လုံလောက်မှုမရှိ။ ဖျက်ပိုးရောဂါများ ပြင်းထန်ဆိုးရွားစွာကျရောက်မှုရှိပြီး ထိရောက်စွာ နှိမ်နင်း နိုင်ခြင်းမရှိပါ။ လယ်များမှာလည်း ဘီလူချောင်းတဖက်ကမ်းတွင်ရှိပြီး ချောင်းကူးတံတားမရှိသဖြင့် လုပ်အားနှင့် သယ်ယူမှုများတွင် များစွာအခက်အခဲရှိသည်။ မြန်မာ့စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာ ဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှုမရှိသေးပါ။

မွေးမြူကုသရေးဆိုင်ရာကျွမ်းကျင်သူ ကျေးရွာတွင်မရှိ။ မွေးမြူရေးလုပ်ငန်းအတွက် သီးသန့် ချေးငွေမရှိ။ တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများမရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ဖြိုးမှုလည်းမရှိသေးပါ။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာ စရိတ်မြင့်သည်။ မိမိခြံထွက်တိရိစ္ဆာန်များအား

လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲ သည်။ ဒေသတွင်းဈေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေသည်။ စည်သွပ်စက်ရုံကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမရှိ။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်းတို့ကြောင့် မွေးမြူရေး ကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များရှိနေပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ဝင်ငွေတိုးလုပ်ငန်း များအတွက် အစိုးရစီမံကိန်းနှင့် မူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုမရှိ။ သင်တန်း များတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှု အသင့်အတင့်ကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှု မရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှု အားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား၊ ပန်းရံ၊ စသည် လက်ရှိကျွမ်းကျင်မှုများရှိသော်လည်း အရင်းအနှီးနည်းသည်။ ကျွမ်းကျင်မှု စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ဘဏ်၊ သမဝါ ယမ၊ အမျိုးသမီးစိတ်တူကိုယ်တူအဖွဲ့များ ရှိသော်လည်း ကာလ တိုချေးငွေများ ဖြစ်နေခြင်း၊ လိုသလောက် ချေးငွေမရနိုင်ခြင်း၊ အချိန်မီ မရနိုင်ခြင်း၊ ပြင်ပအပေါင်ဆိုင်များမှ ငွေချေးပါက အပေါင်ခံပစ္စည်းလိုအပ်ခြင်း၊ အတိုးနှုန်း မြင့်မားခြင်း စသည့် အခက်အခဲများရှိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ပုံမှန်ပြေးဆွဲသည့် ယာဉ်မရှိသဖြင့် စင်းလုံး ငှါးရမ်း အသုံးပြုရသည့်အခါ ကုန်ကျမှုများသည်။ သွားလာလိုသည်အချိန်တွင် ယဉ်များမရှိသည့် အတွက် အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်ခြင်းမရှိ။

သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တိရိစ္ဆာန်ရောဂါများကျရောက် ခြင်းများစွာ ရှိသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေးသင်တန်းနှင့် ဗဟုသုတလည်း မရှိပါ။

ပညာရေးအနေဖြင့် စာသင်ကျောင်းဆောင်မှာ အလွန်ဟောင်းနွမ်းပျက်စီးနေပြီး အသစ် ပြန်လည်ဆောက်လုပ်နိုင်ခြင်းမရှိ။ သောက်ရေနှင့် ယင်လုံအိမ်သာ လုံလောက်မှုမရှိ။ ကျောင်းသား များ ပညာရေးအခြေခံနည်းခြင်းနှင့် မိဘများဆင်းရဲသောကြောင့် အထက်တန်းနှင့် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ခြင်းမရှိ။ ဘွဲ့ရအလွန် နည်းသည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်ဖြစ်ပါက လွိုင်ကော်သို့ သွားရောက်ကုသ ကြရသည်။ အစိုးရ သားဖွါးဆရာမမှာ တပါတ်တကြိမ်သာ နေ့ချင်းပြန် လာရောက်လေ့ရှိသည်။ လိုအပ်ပါက တယ်လီဖုန်းဖြင့် ဆက် ခေါ်ရသည်။ ကျန်းမာရေးမှူးမှာ ကျေးရွာဆေးခန်းတွင်မနေပါ။ ကိုယ်ဝန်ဆောင်များမှာ သားပျက်သားလျှော ဖြစ်တတ်သည်။ ဖြစ်ရခြင်းမှာ ဆင်းရဲသောကြောင့် ကိုယ်ဝန်နုစဉ် အလုပ်ကြမ်းနှင့် အလေးအပင် အလုပ်လုပ် ရသောကြောင့် ဖြစ်သည်။ လွိုင်ကော်တွင်

ဆေးရုံတက်ပါက ဆေးခန်းခ (၄၀၀၀ မှ ၇၀၀၀) ကျပ်အထိ ရှိတတ်သည်။ သုံးဘီးခ (၂၀၀၀) ကျပ်၊ ပြင်ပဆေးခန်းတွင် ဆေးတခါကုလျှင် (၁၅၀၀ မှ ၂၀၀၀) ကျပ် ကုန်ကျသည်။ ကျန်းမာရေးစရိတ် ပျမ်းမျှတလလျှင် (၁၀၀၀၀) ကျပ်ခန့်ကုန်ကျသည်။ နွေရာသီတွင် ရေတွင်း များ ရေခမ်းသောကြောင့် သောက်ရေလုံလောက်မှုမရှိ။ ယင်လုံအိမ်သာကိုလည်း စနစ်တကျသုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ မိုဘိုင်းဖုန်းကို သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန်အတွက် အသုံးပြုလေ့ မရှိကြသေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ မှုံပြာကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင် ရောက်ရှိရေး အကောအထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု ဖွံ့ဖြိုး တိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ် ထားပါ သည်။

(၁) သီးနှံထုတ်လုပ်မှုတိုးတက်ကောင်းမွန်လာခြင်း၊ တိရိစ္ဆာန်မွေးမြူရေး တိုးတက်လာခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအား လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာလူထု၏ ဝင်ငွေတိုး လာရမည်။

(၂) ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ စသည်တို့ဆိုင်ရာ အခြေခံလူမှု အဆောက် အဦးများအား လက်လှမ်းမီမှု ပိုမိုကောင်းမွန်လာခြင်းဖြင့် ကျေးရွာလူထု၏ လူနေမှု အဆင့် အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရ ဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ကျေးရွာ၏လယ်မြေများသည် ဘီလူးချောင်းဘေးတွင်ရှိသော်လည်း အင်ဂျင်စက်ဖြင့်ရေတင် စိုက်ပျိုးရသောကြောင့် ကုန်ကျစရိတ်များပြီး သီးနှံတိုးတက်ထုတ်လုပ်ရေးအတွက် အဟန့်အတား တစ်ခုဖြစ်စေပါသည်။ အိမ်ခြံဝန်းသီးနှံတိုးတက် စိုက်ပျိုးနိုင်ရေးအတွက် လျှပ်စစ်ရေမော်တာများ အသုံးပြုနိုင်ရေး၊ ဘီလူးချောင်းရေအား ချောင်းရေတင်စနစ် တည်ဆောက်အကောင်ထည်ဖော်ခြင်း ဖြင့် သီးနှံစိုက်ဧကတိုးတက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ခြင်း၊ သီးနှံစိုက်ပျိုးကုန်ကျစရိတ် သက်သာခြင်း စသည့်အကျိုးများရရှိအောင် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ထို့အပြင် သီးနှံ စိုက်ပျိုးရေးအတွက် အရေးပါသည့် ကုန်ထုတ်လမ်းပေါ်ရှိ ချောင်းကူးတံတားကိုလည်း ပိုမိုခိုင်ခံ့ ကောင်းမွန်အောင်ဆောင်ရွက်ကြပါမည်။

(၃)ကျေးရွာ၏ အခြေခံလူမှုအဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေးအတွက် အောက် ဖော်ပြပါ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ အကူအညီ၊ ကျေးရွာလူထု၏ ထည့်ဝင်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ ဟောင်း နွမ်း၍ အကျယ်အဝန်းမလုံလောက်သည့် ကျေးရွာစာသင်ကျောင်းအား အသစ်ဆောက်လုပ်ခြင်း၊ မိုးတွင်း၌ သွားလာရခက်ခဲသော ကျေးရွာတွင်းလမ်းအား ကျေးလက်ဦးစီးဌာနထံ အကူအညီ တောင်း၍ အဆင့်မြှင့်တင်ခြင်း၊ နွေရာသီတွင် သောက်သုံးရေ မလုံလောက်မှုပြဿနာ ဖြေရှင်း နိုင်ရေးအတွက် သောက်သုံးရေရရှိရေး စီမံချက်များ ရေးဆွဲအကောင်ထည်ဖော်ခြင်းတို့ဖြစ်ပါသည်။

(၄) ကျေးရွာတွင် အိမ်ခြေ ၁၈၀ အိမ်ရှိသဖြင့် ကျေးရွာအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးရံပုံငွေ သိန်း ၃၅၀ ရှိပါ က ဆင်းရဲသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လှည့်ပတ်ရံပုံငွေအဖြစ် လိုအပ်သည့်အချိန်တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူ၍ ဝင်ငွေတိုး လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ထို့ကြောင့် လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ အတွက် အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၅) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ၊ ၎င်းတို့အတွက်လိုအပ်သော သွင်းအားစုဈေးကွက် လက်လှမ်းမီရေးအစီ

အစဉ်များ၊ ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများဖန်တီးနိုင်ရေး စသည်တို့အတွက် နည်းပညာနှင့် ဖွံ့ဖြိုးရေးအကူအညီများကို မြို့နယ်အဆင့်အဖွဲ့အစည်းများထံမှ ရရှိရေးကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ အကောင်ထည်ဖော်သွားမည်ဖြစ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ် ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မှုံပြာကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့် အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

မှုံပြာကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှ ပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေး ခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက် လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက် ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေ ရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနား လည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ် လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်း လိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေး လုပ်ငန်းများရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့ အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

မှုံပြာကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၁၀၀	၄	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း
စိုက်ပျိုးရေး ကဏ္ဍ				
သီးနှံ	၂။ သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှု လုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း	၁၀၅	၂	• မြေဆီလွှာထိန်းသိမ်းနည်းသင်တန်း • မြစ်ရေတင်စီမံကိန်း • ရေစုတ်စက်မော်တာ • လက်တွန်းထွန်စက် • စပါးဘဏ်ထူထောက်ခြင်း
တိရိစ္ဆာန် မွေးမြူရေး				
တိရိစ္ဆာန်မွေးမြူရေး	၃။ တိရိစ္ဆာန်မွေးမြူရေး တိုးမြှင့် ဆောင်ရွက်ခြင်း	၁၀၈	၁	• တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ရေး • ဥစားကြက်စမ်းသပ်မွေးမြူခြင်း • နွား၊ ဝက်မွေးမြူခြင်း

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
အခြား ဝင်ငွေရ လုပ်ငန်းများ				
ဝင်ငွေရလုပ်ငန်း	၄။ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။	၉၇	၅	• အင်္ဂလိပ်စာ-ကွန်ပျူတာသင်တန်း • ဂပ်ရှော့စက်ပြင်သင်တန်း • စက်ချုပ်၊ ဇာထိုး၊ ပန်းထိုးသင်တန်း • မုံ့၊ ဂျယ်လီနှင့် အအေးသင်တန်း • သုံးဘီးတက္ကစီ • တွင်ခုံလုပ်ငန်း ထူထောင်ခြင်း
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
ချေးငွေ လက်လှမ်း မီရေး	၅။ လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး	၈၀	၇	• အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရုံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း
ပညာရေး				
	၆။ စာသင်ကျောင်းအခြေခံအဆောက်အဦးများ	၁၀၈	၁	• စာသင်ကျောင်းနှင့် ပရိဘောဂ • ကျောင်း/ရွာတွင်း ရေတွင်းတူးဖေါ်ခြင်း • ကျောင်းခြံစည်းရိုးဆောက်လုပ်ခြင်း
ကျန်းမာရေး				
	၇။ ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှုတိုးတက်ရေးနှင့် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၉၇	၄	• ဆေးခန်းပရိဘောဂ • ကျန်ဆင်းရဲသားအိမ်ယင်လုံအိမ်သာဆောက်လုပ်ခြင်း • ကျန်းမာရေးသင်တန်း

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်
လမ်းပန်း ဆက်သွယ်ရေး				
လမ်း၊ တံတား ကောင်း မွန် လာစေရေး	၈။ လမ်းတံတား အခြေခံအဆောက်အဦးများ တိုးတက်လာစေရေး	၁၀၂	၃	• ကျောက်ချောလမ်းပြုပြင်ခြင်း • ကုန်ထုတ်တံတားဆောက်လုပ်ခြင်း
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>				
လူငယ်များ စွမ်း ဆောင် ရည်တိုးတက်လာ စေရေး	၉။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး	၈၃	၆	• စာကြည့်တိုက် စာအုပ်

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ					မှတ် ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	တိရိစ္ဆာန်မွေးမြူရေးတိုးမြှင့်ဆောင်ရွက်ခြင်း	၁	Â					
၂	စာသင်ကျောင်းအခြေခံအဆောက်အဦးများ	၂	Â	Â				
၃	သီးနှံအထွက်တိုးရန်နည်းပညာနှင့်ဝန်ဆောင် မှုလုပ်ငန်းများလက်လှမ်းမီရန်ဆောင်ရွက် ခြင်း	၃	Â	Â	Â			
၄	လမ်းတံတားအခြေခံအဆောက်အဦးများ တိုး တက်လာစေရေး	၄	Â	Â	Â			
၅	ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှုတိုးတက်ရေးနှင့် ရေနှင့်ပတ် ဝန်း ကျင်သန့်ရှင်းရေး	၅	Â	Â				
၆	အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း	၆	Â					
၇	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး	၇	Â	Â				
၈	လုံလောက်သောချေးငွေပမာဏအားသင့် တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေး ငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး	၈	Â					

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင် အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊

အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက် အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အ လိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန် အသုံးစရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု
၁	တိရိစ္ဆာန်မွေးမြူရေးတိုးမြှင့် ဆောင်ရွက်ခြင်း			Â	Â	
၂	စာသင်ကျောင်းအခြေခံအဆောက် အဦးများ			Â		

စဉ်	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၃	သီးနှံအထွက်တိုးရန်နည်းပညာနှင့်ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီရန် ဆောင်ရွက်ခြင်း			Â	Â	
၄	လမ်းတံတား အခြေခံအဆောက်အဦးများ တိုးတက်လာစေရေး			Â		
၅	ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ရေးနှင့် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး			Â	Â	
၆	အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း			Â	Â	
၇	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး			Â	Â	
၈	လုံလောက်သောချေးငွေပမာဏအား သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး			Â		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေး နှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်း

များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်။ ကျေးရွာ မူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သ မားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်း ပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထား သောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာ အလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ် သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

မှုံပြာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲ ဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ် ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်း ရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) မှုံပြာကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၈	၁၀	၁၈	၂.၅%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၂	၂၈	၅၀	၆.၈%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၂	၄၆	၆၈	၉.၃%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၀	၅၀	၈၀	၁၁%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၄၁	၂၅၅	၄၉၆	၆၇.၈%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၁	၉	၂၀	၂.၇%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၃၃၄**	**၃၉၈**	**၇၃၂**	**၁၀၀%**	
အိမ်ထောင်စုပေါင်း			၁၈၀		
တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ			၄.၀၆		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လက်ရှိအမှန်တကယ် နေထိုင်သူ လူဦးရေစာရင်းအတိအကျကို တအိမ်ချင်း ကောက်ယူထားသည်။ အိမ်ထောင်စုပေါင်း (၁၈၀) အိမ်ရှိပြီး (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅) နေ့အထိ သာအတည်ဖြစ်ပါသည်။

၂။ အိမ်ထောင်စုပေါင်း (၁၈၀) အိမ်နှင့် လူဦးရေ (၇၃၂) (ကျား ၃၃၄ + မ ၃၉၈) ရှိ သည်။

၃။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ ၄၉၆ ဦး ရှိပြီး စုစုပေါင်း လူဦးရေ၏ ၆၇.၈% ရှိသည်။ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသမီးဦးရေမှာ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသား ဦးရေထက် (၁၄) ဦး (၂.၈%) ပိုများ သည်။

၄။ အိမ်ထောင်စု အရွယ်အစားမှာ ပျမ်းမျှ ၄.၀၆ ရှိပြီး မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ကျေးရွာအဆင့် အိမ်ထောင်စုအရွယ်အစားထက် အလွန်နည်းနေသည်ကို တွေ့ရသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) **မုံပြာကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၄	၈၅.၆ %		လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၀	၁၁.၁ %	၃၉	၂၀ မှ မြေယာမဲ့များဖြစ်ပြီး ၃၉ မှာ တောင်သူငယ်များ ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်း များတွင် ရာသီအလိုက် နေ့စား လုပ်ကိုင်ကြရသည်။
	မိသားစုဝင် လုပ်အား			၃၀၈	
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၁၅၇	၁၅၄ အိမ်ထောင်မှာ တောင်သူ များ ဖြစ်ပြီးစိုက်ပျိုးရေးနှင့် ပူးတွဲလုပ် သည်။ ၃ အိမ်ထောင် မှာ မြေယာမဲ့များ ဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆		တွင်ခုံလုပ်ငန်းဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆%		ဆောက်လုပ်ရေး ကန်ထရိုက်တာ ဖြစ်သည်။
		၄	၂.၂%	၁၈	၄ ဦးမှာ လက်သမား ခေါင်းဆောင်ဖြစ်ပြီး အဓိက အသက်မွေးလုပ်ငန်း ဖြစ်သည်။ ၁၈ ဦးမှာ တောင်သူငယ်များ ဖြစ်ပြီး ပန်းရံနောက်လိုက် များလည်းလုပ်ကိုင်ကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား	၁	၀.၆%		ဆောက်လုပ်ရေး ကန်ထရိုက်တာ ဖြစ်သည်။
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၂၀	၁၀ ဦးမှာ စိုက်ပျိုးရေး အရောင်း အဝယ်လုပ်ကိုင်ကြပြီး၊ ၁အိမ်မှာ လက်ကားဆိုင်၊ ၉ အိမ်မှ အိမ်ဈေးဆိုင်များဖြစ်သည်။ စိုက်ပျိုးရေး နှင့် တွဲဖက် လုပ်ကိုင်ကြသည်။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၅	သုံးဘီးဆိုင်ကယ်မောင်းသူ ၃ ဦး၊ ထော်လာဂျီမောင်းသူ ၂ ဦး။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၄	၄ ဦးမှာ ကျောင်းဆရာ/မ များ ဖြစ်ပြီး စိုက်ပျိုးရေးမှာ အဓိက အသက်မွေးလုပ်ငန်းဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၂၆	ကြံရာကျပန်းလုပ်ကိုင်ကြသည်။ မြေယာမရှိ။ အငှားလိုက်သည်။
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	**၁၈၀**	**၁၀၀%**	**၅၇၇**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်ခုံ၊ ကန်ထရိုက်တာနှင့် အစိုးရဝန်ထမ်း လုပ်ငန်းများသည် ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းများ ဖြစ်သည်။

၂။ ကျေးရွာတွင်မြေယာမဲ့ကျဇန်းသမားဦးရေ ၂၆ ရှိပြီး ၁၄.၄% ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်၊ မွေးမြူရေးနှင့် အခြား ပန်းရံ၊ လက်သမား၊ တက္ကစီမောင်း၊ ဈေးရောင်းစသဖြင့် လုပ်ငန်းမျိုးစုံဖြင့် အသက်မွေးကြသည်။

၃။ အထက်ပါဇယားတွင် လုပ်သားအင်အားမှာ ၅၇၇ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက်ထက် ပိုများနေရခြင်းမှာ တအိမ်ထောင်ချင်းစီမှ မိသားစုဝင် တဦးထက်ပို၍ မိသားစုဝင်ငွေနှင့် စားဝတ် နေရေးအတွက် အလုပ်လုပ်ကြရသောကြောင့် ဖြစ်သည်။

၄။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၆၈	သင့်။	မရ။	မိုးရေနှင့် ရေစုပ်စက်ဖြင့် ဘီလူးချောင်းမှ ရေ တင်စိုက် ပျိုးကြသည်။
ယာမြေ	၄၉	သင့်။	မရ။	မိုးရေကိုသာ အားကိုးကြရသည်။ ချောင်းနှင့် ဝေးသည်။
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်းစိုက်ခင်း	၁၃၀	သင့်။	မရ။	ရေစုပ်စက်ဖြင့် ဘီလူးချောင်း မှ ရေ တင် စိုက်ပျိုးကြသည်။ အိမ်ခြံဝန်း စိုက်ပျိုး မြေကို ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်သည်။
ရွှေပြောင်းတောင်ယာ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (ကောင်း/သင့်/ညံ့)	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၂၄၇			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လယ်ပိုင်တောင်သူမှာ ၂၀ ဦးခန့်နှင့် လယ် (၆၈) ဧကသာရှိပြီး တောင်သူတဦးပျမ်းမျှ လယ်မြေ (၃.၄) ဧက ပိုင် ဆိုင်သည်။ စုစုပေါင်းစိုက်ပျိုးမြေ ၂၄၇ ဧက ရှိပြီး လယ်မြေ ၆၈၊ ယာမြေ ၄၉ ဧကနှင့် အိမ်ခြံဝန်း ၁၃၀ ဧက ခန့် ရှိပြီး တောင်သူတဦးပျမ်းမျှ ၁.၆ ဧက ပိုင်ဆိုင်ကြသည်။

၂။လယ်မြေအားလုံးမှာ မိုးကောင်းသောက်ဖြစ်ပြီး မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် ဟင်းသီး/ ရွက် စိုက်ပျိုးကြပြီး လိုအပ်ပါက ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးကြသည်။

၃။ယာမြေမှာ မိုးရေသောက်အဓိကဖြစ်သည်။ ယာမြေတွင် နှမ်း၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ပဲစဉ်းငုံတို့ကို အဓိက စိုက်ပျိုးကြသည်။

၄။လယ်နှင့် အိမ်ခြံဝန်းများမှာ ဘီလူးချောင်းဘေးတွင် ကပ်လျက်တည်ရှိကြသော်လည်း ဆည်မြောင်းနှင့် အစိုးရ ရေတင်စနစ်မရှိကြသောကြောင့် အင်ဂျင်ဖြင့်ရေတင်စိုက်ပျိုးကြရသည်။ ဘီလူချောင်းရေမှာ တနှစ်ပါတ်လုံး ရှိ သော်လည်း ရေတင်စရိတ် ကုန်ကျမှုများသည်။

၅။ တနှစ်ထက်တနှစ် မိုးခေါင်သဖြင့် မိုးရေနည်းခြင်း၊ ရေတင်စိုက်ပျိုးစရိတ်များခြင်းကြောင့် အချို့ လယ်များမှာ စိုက်ပျိုးနိုင်ခြင်းမရှိတော့ပါ။

၆။ တဖန် လယ်များမှာ ဘီလူးချောင်း၏ တဖက်ကမ်းတွင်တည်ရှိသောကြောင့် စိုက်ပျိုးထုတ်ကုန် စပါး၊ ဆောင်းသီးနှံ ဟင်းသီး၊ ဟင်းရွက်များကို လှည်း (သို့မဟုတ်) ထော်လာဂျီဖြင့်လည်းကောင်း၊ လှေဖြင့် လည်းကောင်း၊ တဖန် ချောင်းမှအိမ်သို့ လှည်း/ထော်လာဂျီဖြင့်ငင်း အဆင့်ဆင့်သယ်ယူရ သောကြောင့် လုပ်အား၊ စရိတ်ကုန်ကျမှုများပြီး သီးနှံ အလေအလွင့်များသည်။

၇။ ကျေးရွာတွင် လျပ်စစ်မီး ရရှိနေပြီးဖြစ်ပြီး အစိုးရအနေဖြင့် မြစ်ရေတင်စီမံကိန်းလုပ်ငန်း အကောင်အထည် ဖေါ် ဆောင်ရွက်ပေးနိုင်မည်၊ ခွင့်ပြုပေးနိုင်မည် ဆိုပါကအက လက်ရှိ လယ် (၆၈) ဧကအပြင် နီးစပ်ရာရွာများမှ လယ်များအပါအဝင် လယ်ပျက် ဧက ၁၀၀၀ ခန့် တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

၈။ တဖန် အစိုးရအနေဖြင့် ဘီလူချောင်းကူးတံတားဆောက်လုပ်ခြင်း၊ ဆောက်လုပ်ခွင့် ပြုပေး နိုင်မည်ဆိုပါက သယ်ယူစရိတ်၊ လုပ်အားခနှင့် သီးနှံအလေအလွင့်နည်းပြီး တောင်သူများ ထုတ်လုပ်မှုတိုးလာမည်။ အကျိုးအ မြတ် တိုးလာပြီး ဆင်းရဲမှု လျော့နည်းလာမည်ဖြစ်သည်။

၉။ ကျေးရွာသင်ချိုင်းမှာလည်း ၎င်းချောင်းတဖက်ကမ်းတွင် တည်ရှိနေသောကြောင့် နာရေးအတွက် လည်းများစွာ အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)**
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ။	
ခါတ်သတ္တု(ကျောက်၊ သဲ)	မရှိ။	
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	ငါးရံ့၊ ငါးခူ၊ ဂဏာန်း၊ ငါးရှဉ့်၊ လိပ်၊ ပုရစ်၊ ငှက်မျိုးစုံ	သင့်။
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	ကုက္ကို၊သံမနိုင်ကျောက်မနိုင်၊ ထိ ကရုံး၊ ပေါက် ပန်းဖြူ၊ မြင်းခွါ ရွက်၊ ငါးရံ့ပလူ၊ ကြာ၊ရေမှော်၊ ကြက် ဆူ၊ ကြက်သဟင်း၊ဒညင်း၊ သရက်၊ နာ နတ်ရိုင်း၊ မန်ကျည်း၊ သဘော်၊ ရေသဖန်း စသည်။	လွယ်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာရှိဘီလူးချောင်းဘေးနှင့် လယ်ကွင်းများကြားတွင် ငါးမျိုးစုံ၊ ဟင်းသီးရွက်အရိုင်းများနှင့် ဆေးဖက်ဝင်အပင်မျိုးစိတ် အချို့ကို ရရှိနိုင်ပါသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	အနည်းဆုံး လယ် (၅) ဧက	လယ် (၃ မှ ၅) ဧက အကြား	လယ် (၁ မှ ၃) ဧက အကြား	မရှိ။
အိမ်အခြေအနေ	သွပ်မိုး၊အုပ်ကာ/ အုပ်ခင်း၊ တိုက်အိမ်	သွပ်မိုး၊ ပျဉ်ကာ/ ခင်း၊	သွပ်မိုး/ အင်ဖက်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊	အင်ဖက်မိုး၊ ထရံကာ၊မြေစိုက်/ ဝါးခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ထော်လာကျီ၊ ရေစုပ်စက်၊ မြက်ဖြတ်စက်	ရေစုပ်စက်	တံစဉ်၊ပေါက်ပြား၊ တူရွင်း	တံစဉ်၊ပေါက်ပြား၊ တူရွင်း
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ် (၃)၊ ဖုန်း(၄) လုံး၊ သုံးဘီး၊ စက်ိုင်းနက်၊တီဗီ၊ ဗီဒီယို၊ ရေခဲသေတ္တာ၊ ကုန်စုံဆိုင်	ဆိုင်ကယ် (၁–၂)၊ ဖုန်း (၁–၂) လုံး၊ တီဗီ၊ ဗီဒီယို၊	ဆိုင်ကယ်(၁)၊ ဖုန်း (၁)လုံး၊ ခေါက်တီဗီ၊ ရေဒီယို၊	စက်ဘီး (၁) စီး
အိမ်မွေးတိရိစ္ဆာန်	နွား ၂ ကောင်၊ ဝက် ၁ ကောင်၊ ကြက် (၁၀–၁၅) ကောင်	ဝက် ၁–၂ ကောင်၊ ကြက်/ဘဲ (၅–၁၀) ကောင်	ဝက် ၁ ကောင်၊ ကြက် / ဘဲ (၁–၅) ကောင်	မရှိ။
တနှစ်ဝင်ငွေ	၃၆ မှ ၇၀ သိန်း အကြား	၁၅ မှ ၃၅ သိန်း အကြား	၅ မှ ၁၅ သိန်းအကြား	ပုံမှန်မရှိ။
အိမ်ထောင်စုပေါင်း ၁၈၀	**၉ အိမ် (၅%)**	**၃၄ အိမ် (၁၈.၉%)**	**၉၉ အိမ် (၅၅%)**	**၃၈ အိမ် (၂၁.၁%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာ၏ ၇၆.၁% (၅၅% + ၂၁.၁%) (၁၃၇) အိမ်ခန့်မှာ ဆင်းရဲ၍ အဆင်မပြေသော အိမ်ထောင်စုများ ဖြစ်ပြီး မြေယာမဲ့ကျပန်းများ၊ တောင်သူငယ်များပါဝင်သည်။

၂။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ အရေးပါ သည် ကို တွေ့ရသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃၄	၁၈.၉%	လုပ်အားကြိုရောင်း၊ ရရာအလုပ် လုပ်ကိုင်ကြရသည်။ လုပ်အား ခရင်္ဂဖြင့် တနေ့ချင်း ဝယ်စားကြရသည်။ မိုးရာသီတွင် တနပ် လျှော့စားကြရသည်။
၃ လနှင့် ၅ လအထိ	၉၉	၅၅%	လုပ်အားကြိုရောင်း၊ လုပ်အားခရင်္ဂဖြင့် တနေ့ချင်း ဝယ်စား ကြရသည်။
၆လမှ၁၂လအထိ	၃၈	၂၁.၁%	လုပ်အားကြိုရောင်း၊ ငွေချေးငှါးကြရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားများဖြစ်သည်။ ကျေးရွာမိသားစု၏ ၃၄ အိမ်ထောင်စု ၁၈.၉% ရာခိုင်နှုန်းမှာ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အား ကြိုရောင်းခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရှိလာသော ဝင်ငွေများဖြင့် တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများ လည်းရှိသည်။ အလုပ်မရှိသောလများတွင် အလုပ်ဖြင့် ကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူ၍ စားသုံးရသူများလည်းရှိသည်။

၂။ ကျေးရွာတွင် မြေယာမဲ့ (၂၆) ဦးနှင့် အများစုမှာ ဆင်းရဲသားတောင်သူငယ်များဖြစ်ပြီး ၅ ဧက အောက် ပိုင်ဆိုင်သူများဖြစ်သည်။ တောင်သူငယ် ၁၄၆ ဦး (၈၁.၁%) ရှိပြီး ၎င်းတို့မှာ မွေးမြူရေး၊

ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ စသည်နည်းမျိုးစုံဖြင့် ဝင်ငွေရှာပြီး ဝမ်းစာမဖူလုံမှုကို ဖြေရှင်းကြသည်။

၃။ လယ်ပိုင်ဆိုင်သူ (၉) အိမ်ထောင် (၅%) သာ တနှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖြဴနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၂	၃	၅
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ	၁	၁	၂
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၁၂	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၂	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အသက်ကြီးပြီး ပြုစုစောင့်ရှောက်မည့်သားသမီး နည်းပါး၍ စီးပွားရေးခက်ခဲနေသောသူ (၅) ဦးရှိပြီး၊ အမျိုး သမီးဦးဆောင်သောအိမ်ထောင်စု (၁၂) ဦး၊ မုဆိုးဖို (၂) ဦးရှိပြီး ၎င်းတို့မှာ ထိခိုက်လွယ်သူများ ဖြစ်သည်။

၂။ အမျိုးသမီးဦးဆောင်မိသားစုများမှာ ဆင်းရဲပြီး တချို့အိမ်ထောင်စုများမှာ ကြုံရာကျပန်း ရရာ အလုပ်ကို လုပ်ကိုင်ကြရသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည် ရာသီဥတု အခြေအနေဆိုး၍ ရာသီအလိုက် လုပ်ငန်းများ အဆင်မ ပြေလျှင် သော်လည်းကောင်း၊ သီးနှံဈေးနှုန်းကျဆင်းမှုအရသော်လည်းကောင်း၊ စားနပ်ရိက္ခာ မဖူလုံမှုကို ကြုံတွေ့ရနိုင်ပါ သည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	လယ်နှင့် ခြံများ ဘီလူးချောင်းဘေးတွင် တည်ရှိသော်လည်း စိုက်ပျိုးရေရနိုင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ ရန်နေ ရာမရှိခြင်း၊ မြေသြဇာတဖြည်း ဖြည်း ညံ့။ ရာ သီဥတု ဖေါက်ပြန်မှု ခံစားရ။ မိုးခေါင်၊သစ်တောပြုန်း။ ရေခမ်း ခြောက်။
ကျန်းမာရေး			
၃	ငှက်ဖျားရောဂါ	လတ်။	ငှက်ဖျားဇုံတွင် ရှိသည်။ ၅% ခန့် ရှိသည်။
၄	တီဘီရောဂါ	နိမ့်။	ယခင်က အဖြစ်များခဲ့သည်။ ယခု အသိပညာတိုးလာသ ဖြင့် အဖြစ်နည်းသည်။
၅	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်။	မရှိပါ။
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်။	မရှိပါ။
၇	လူကုန်ကူးခြင်း	နိမ့်။	မရှိပါ။
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်။	မရှိပါ ။
ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်			
၉	ရေကြီးခြင်း	လတ်။	အချို့နှစ်များတွင်သာ ဖြစ်တတ်သည်။
၁၀	မိုးခေါင်ခြင်း	မြင့်	၃ နှစ်ဆက်တိုက်မိုးခေါင်ခြင်းကိုခံစားရ။ ရာသီဥတု ဖေါက်ပြန်။ မိုးရွာသွန်းမှုနည်း။ မိုးအဝင်နောက်ကျပြီး မိုးပြန်ထွက်ချိန်စော။
၁၁	မုန်တိုင်း	ဖြစ်နိုင်ခြေနည်း	မုန်တိုင်းအန္တရာယ် ကြုံတွေ့ရနိုင်ခြေနည်းပါးပြီး ပျက်စီး ဆုံးရှုံးမှု မကြီးမားပါ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ငလျင်	ဖြစ်နိုင်ခြေနည်း	ငလျင် ကျရောက်ဘူးခြင်းမရှိ။
၁၃	မီးဘေး	ဖြစ်နိုင်ခြေနည်း	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၄	ဆားငံရေဝင်မြေ	မရှိ။	
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်မား	မြေဆီလွှာပြုပြင်ထိန်းသိမ်းမှု စနစ်တကျမရှိ။
၁၆	သစ်တောပြုန်းတီးခြင်း	နိမ့်။	ကျေးရွာတွင် သစ်တောမရှိပါ။
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာ တိုက်စားခြင်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	သင့်	ပြင်ပ ဗဟုသုတနှင့် အလုပ်အကိုင် အခွင့်အလမ်း မရှိ၊ အဆက်အသွယ်၊ အချိတ်အဆက် မရှိ။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	ဝမ်းစာလုံလောက်မှုမရှိ။ ငွေအရင်းအနှီးမရှိ။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	သင့်	ပုံမှန်ဂင်ငွေမရှိ။ ကျပမ်းလုပ်ကိုင်ရ။ စိုက်ပျိုးရေ မလုံလောက်။ ရာသီဥတုမမှန်။ သီးနှံ အထွက် နည်း။ ဝမ်းစာဖူလုံမှုမရှိ။ လျှော့စား ရသည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင်သောဒေသ/ ကူးစက်ရောဂါ ထူပြောသော ဒေသတို့တွင်နေထိုင်သူများ	နိမ့်	

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၅	မြစ်ကမ်းဘေးနေလူထု	လတ်။	တခါတရံ မိုးရာသီတွင် ဘီလူးချောင်းမှ ရေလွှမ်းသဖြင့် စိုက်ခင်းများ ပျက်စီးမှု ရှိတတ်သည်။
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	လတ်။	ဆိုင်ကယ်တိုက်မှုမကြာခဏ ဖြစ်တတ်သည်။
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	မရှိ။	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ။	
၉	ငါးကန်ပိုင်ရှင်	မရှိ။	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	အသင့်အတင့်ရှိ	အလုပ်အကိုင်ပုံမှန်မလုပ်ရသောအချိန်တွင် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့ရ၊
၁၁	လူနည်းစုလူမျိုးများ	မရှိ။	အတူတကွနေထိုင်ကြသည်။ လူမျိုးစုကွဲပြားမှုရှိသော်လည်း ကိုးကွယ်သည့် ဘာသာတူသဖြင့် ပြဿနာ တစုံတရာမရှိခဲ့ပါ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ	မရှိ။	
၁၃	နယ်စပ်ဒေသတွင်နေသူများ	မရှိ။	
၁၄	ရွှေတွင်းလုပ်သား	မရှိ။	
၁၅	ဆေးစွဲသူများ	မရှိ။	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ။	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	လတ်။	အချို့ ဈေးနေ့အလိုက်လှည့်လည်ဈေးရောင်းကြသည်။
၁၈	ရွှေ့ပြောင်းလုပ်သားများ	မရှိ။	
၁၉	ကားသမား	လတ်။	ခရီးသွားလာစဉ် ယာဉ်အန္တရာယ်ရှိသည်။
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံး မိသားစု၊ အုပ်စုများ ဖြစ်သည်။

၂။ လှည့်လည်စျေးရောင်းသူများ၊ ကားသမားများ၊ ဆိုင်ကယ်ယာဉ်တိုက်မှုများ သည်လည်း ထိခိုက် လွယ်မှု ခံစားရခြင်း အသင့်အတင့်ရှိသည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီ အစဉ် ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာအုပ် ချုပ်ရေးအဖွဲ့		၁၀	၀	၁၀	ကျေးရွာအထွေထွေ အုပ်ချုပ်ရေး	၄	၇
၂	မိခင်နှင့်ကလေး	၂	၀	၁၀	၁၀	အမျိုးသမီးများ၊မိခင် နှင့်ကလေးကာကွယ် စောင့်ရှောက်ရေး	၄	၈
၃	ကျောင်းအကျိုး တော်ဆောင်အဖွဲ့	၂	၃	၃	၆	ပညာရေး	၄	၇
၄	ဂေါပကအဖွဲ့	၃	၁၆	၁၆	၃၂	ဘာသာရေး၊သာရေး၊ နာရေး	၅	၆

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၅	မိဘဆရာ အသင်း	၂	၃	၃	၆	ပညာရေး	၅	၇
၆	အမျိုးသမီး ရေးရာအဖွဲ့	၂	၀	၁၀	၁၀	အမျိုးသမီးများ ကာကွယ် စောင့်ရှောက်ရေး	၄	၈
၇	မီးသတ်အဖွဲ့	၂	၁၀	၀	၁၀	မီးဘေးနှင့်လုံခြုံးရေး	၄	၇
၈	လက်ရေ တပြင် တည်းအမျိုးသမီး စိတ်တူ ကိုယ်တူအဖွဲ့	၁	၀	၁၅	၁၅	ငွေစုငွေချေး	၄	၇
၉	ကောင်းကင်သစ် အမျိုးသမီးစိတ် တူကိုယ်တူအဖွဲ့	၁	၀	၁၀	၁၀	ငွေစုငွေချေး	၄	၇
၁၀	နာရေးကူညီမှု အသင်း	၂	၅	၅	၁၀	သာရေးနာရေး လူမှုရေး	၅	၆
၁၁	သမဝါယမအဖွဲ့	၁	၁၀	၀	၁၀	ငွေချေး၊ဆပ်လုပ်ငန်း	၄	၇
၁၂	စိုက်ဘဏ်	၁	၂၀	၀	၂၀	ငွေချေး၊ဆပ်လုပ်ငန်း	၄	၇
၁၃	လူငယ်ဓမ္မ ဂုဏ် ရည်စုဗူးအသင်း	၃	၄	၃	၇	ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေစု၊ ထောက်ပံ့မှု	၅	၆

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၁၃ ဖွဲ့ရှိသည်။

၂။ ၎င်းအဖွဲ့ ၁၃ ဖွဲ့အနက် ၄ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များဖြစ်သဖြင့် ပြင်ပမှ လာရောက်ဖွဲ့ပေးသော အဖွဲ့များထက် ပိုမို တောင့်တင်းပြီးလုပ်ငန်း လည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့ မှု ပိုမို ကောင်းမွန်သည်။

၃။ ပြင်ပမှ မူဝါဒအရ ဦးဆောင်ဖွဲ့စည်းထားသောအဖွဲ့ ၉ ဖွဲ့မှာ အားနည်းပြီး လုပ်ငန်းအသက်ဝင်လှုပ်ရှားမှု၊ ဦးဆောင်မှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အမြင်ကြည်လင်မှုနှင့် ရေရှည်တည်တံ့မှု အားနည်းသည်ကို တွေ့ရသည်။

၄။ အုပ်ချုပ်ရေးမှူးအဖွဲ့တွင် ဆယ်အိမ်မှူး ၁၅ ဦးနှင့် အုပ်ချုပ်ရေးမှူးတဦးဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်ထွေအုပ် မှ ဦးဆောင်ဖွဲ့ပေးထားခြင်းဖြစ်သည်။

၅။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ စိုက်ဘဏ်၊ သမဝါယမအဖွဲ့နှင့် အမျိုးသမီးရေးရာနှင့် မိခင်ကလေးအဖွဲ့တို့မှာ အထွေထွေ အုပ်ချုပ်ရေးမှ ဦးဆောင်ဖွဲ့ပေးထားခြင်းဖြစ်သည်။

၆။ အမျိုးသမီး စိတ်တူကိုယ်တူအဖွဲ့များမှာ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဖွဲ့စည်းပေးသော်လည်း ရပ်ရွာလူထု၏ သဘောတူညီမှု ဖြင့်ဖွဲ့ထား ခြင်းဖြစ်သည်။

၇။ စိုက်ဘဏ် အဖွဲ့မှာ ကော်မတီဝင် (၁) ဦး၊ အဖွဲ့ဝင် ၁၃၅ ဦးရှိပြီး ချေးငွေမှာ ၃၇၀ သိန်းဖြစ်သည်။ မွေးမြူရေး သမဝါယမအဖွဲ့မှ ၄ ဦးကို ဆိတ် မွေးမြူရေးအတွက် ငွေချေးပေးသည်။

၂.၁.၂ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	လျှပ်စစ်ဌာန	၈	ကျေးရွာမီးလင်းရေး
၂	ဝေါလ်ဗွီးရှင်း	၂	ကျန်းမာရေး
၃	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန	၈	ကျေးလက်ဖွံ့ဖြိုးရေး
၄	လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန	၈	လူဦးရေနှင့်မှတ်ပုံတင်ကိစ္စ
၅	မြို့နယ်ကျန်းမာရေး ဦးစီးဌာန	၈	ကျန်းမာရေး
၆	ဆေဗ်သချဲလ်ဒရင်း	၂	မိခင်နှင့် ကလေးပြုစုစောင့်ရှောက်ခြင်း

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။

၁။ကျေးရွာသူ/သားများသည် အစိုးရဌာနအချို့နှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်မှုရှိသည်။

၂။ ကျေးရွာချေးငွေအတွက် အစိုးရ စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် ပက်မြန်မာ အဖွဲ့တို့ဖြင့် ဆက်သွယ်ဆောင်ရွက်မှုရှိသည်။

၃။ စိုက်ဘဏ်မှတောင်သူ ၁၃၅ ဦးကို (၃၇၀) သိန်းငွေချေးပေးသည်။ ၁ ဧကလျှင် ၁သိန်း ထုတ်ချေးပြီး၊ အတိုးနှုန်းမှာ(၄၁)ပြားတိုးဖြစ်ပြီး ဖိလ(သို့) ဧလကြာလျှင်ပြန်ဆပ်ရသည်။

၄။ ကျန်းမာရေးအတွက် ဆေဗ်သချဲလ်ဒရင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊မာလင်နှင့် ဝေါလ်ဗွီးရှင်း အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

၂.၂ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆	၁၄.၄%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၁၃၃	၇၃.၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၃	၇.၂%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၈	၄.၄ %	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၈၀**	**၁၀၀%**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၂.၅ ဧကအောက် တောင်သူငယ်များဖြစ်ပြီး ၁၅၉ ဦး (၈၈.၃%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင် လည်းကောင်း အရောင်းအ၀ယ်၊ လက်သမားပန်းရံ ကျပန်း၊ နေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။

၂။၂၂ အိမ်ထောင်စုသာလျှင် လယ်နှင့်ယာကို ၂.၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြ ပြီး ၆ လအထက် ဝမ်းစာ ဖူလုံကြသည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာ များကို ပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၄။ စိုက်ပျိုးမြေ မြေယာပိုင်ဆိုင်မှုများတွင် လယ်၊ ယာနှင့် အိမ်ခြံကို ပေါင်းထားခြင်း ဖြစ်ပါသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဘီလူးချောင်း	ပုဂ္ဂလိကရေစုပ်စက်	၁၉၈ (လယ် ၆၈ + အိမ်ခြံ ၁၃၀) ဧက	တစ်နှစ်ပတ်လုံးရရှိနိုင် ရေစုပ်စက်ဖြင့်သာ ရေတင်စိုက်ပျိုးနိုင်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စုစုပေါင်းလယ်မြေ (၆၈) ဧကနှင့် အိမ်ခြံ (၁၃၀) ဧကကို ဘီလူးချောင်းမှ ရေစုပ်စက်ဖြင့် တစ်နှစ်ပတ်လုံး ရေတင် စိုက်ပျိုးကြသည်။

၂။ ယာသီးနှံများတွင် မိုးရေကိုသာ အားကိုး စိုက်ပျိုးကြရသည်။

၃။ မှုံပြာကျေးရွာတွင် မြေယာမဲ့ ၂၆ အိမ်၊ ၁၄.၄% နှင့် ဆင်းရဲတောင်သူ ၁၃၃ အိမ်၊ ၇၃.၉%၊ တောင်သူငယ် ၁၃ အိမ်၊ ၇.၂% ရှိသည်။

၄။ ထိုကြောင့် စုစုပေါင်းအိမ်ခြေ ၁၈၀ အနက် ၁၇၂ အိမ်မှာ မြေယာမဲ့နှင့် ဆင်းရဲသား တောင်သူများ ဖြစ်နေသည် ကိုတွေ့ရသည်။ ၎င်းလယ်ယာများမှာလည်း မိုးရေသောက်စိုက်ပျိုးမြေများဖြစ်သဖြင့် ဝမ်းစာဖူလုံမှု မရှိကြ ပါ ။

၅။ စားနပ်ရိက္ခာဖူလုံမှုအနေအထားနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းရန်အချိန် အနည်းငယ်ပေးရမည်ဖြစ်သည်။ လယ်နှင့်ယာများရှိသော်လည်း မိုးရေကိုသာ အားကိုးစိုက်ပျိုး နေရပြီး ရာသီဥတုမမှန်သောကြောင့် ဆင်းရဲသောမိသားစုများသည် အိမ်ခြံ ဟင်းသီး/ရွက် စိုက်ပျိုး ခြင်းနှင့် အမျိုးမျိုးသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရင်း မိမိတို့ဘဝရပ်တည်နိုင် စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်။

၆။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နည်းလမ်းများအသုံးပြု၍ လုပ်ကိုင်စားသောက်ကြသော်လည်း မိသားစုအများစုမှာ စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၇။ အကယ်၍ အရှည် ပေ (၂၅၀၀) ခန့် အမြစ်ရေတင်စီမံကိန်းကို ပလဖအင်းမှ၎င်း၊ (သို့မဟုတ်) (၁.၅) မိုင်ခန့် အရှည် (သပြေပင်အင်း) မှ၎င်း လယ်များကို မြစ်ရေတင်စီမံကိန်းဖြင့် ဆည်ရေရရှိပါက လက်ရှိလယ် (၆၈) ဧက အပြင် ဘေးပါတ်ဝန်းကျင်ရွာများအပါအဝင် လယ်ဧက (၁၀၀၀) နီးပါး စပါးကိုသီးထပ် (၂ သီးစား) စိုက်ပျိုးနိုင်မည်ဖြစ်ပြီး စပါးအထွက်နှုံးတိုးလာမည်။ ဝမ်းစာ ဖူလုံမှု တိုးလာနိုင်ပါသည်။

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၆၈	တင်း	၅၀	၈၀	၆၅	ဇွန်လမှ နိုဝင်ဘာလ ထိ ၅–၆ လ	မြင့်	နိမ့်။	ရေတင် ခ နှင့်သွင်းအားစု စရိတ်များသည်။
ဟင်းသီး/ ရွက်မျိုးစုံ	၁၃၀						မြင့်။	မြင့်။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ တစ်နှစ်လုံးစိုက်ပျိုးကြသည်။ လယ်တွင် မိုးစပါး စိုက်ပျိုးပြီး ဆောင်းရာသီတွင် ဟင်းသီး/ရွက်ကို အဓိကဝင်ငွေရ သီးနှံအဖြစ် စိုက်ပျိုးကြသည်။

၂။ ယာ ၄၉ ဧကခန့်မှာ ပဲမျိုးစုံနှင့် ပြောင်းကို စိုက်ပျိုးကြသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၃		၃ အိမ်ထောင်မှု ၃ စီး ပိုင်ဆိုင်သည်။ စက်ငှါးခ တဧက တစ်ပ် ၁၅၀၀၀ ကျပ်။
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၄		၄ အိမ်ထောင်မှု ၄ စီး ပိုင်ဆိုင်သည်။ ငှါးခ တဧက တစ်ပ် ၁၂၀၀၀ ကျပ်။
ခြွေလှေ့စက်			
ရေစုပ်စက်	၃၀		အိမ် ၃၀ မှ ၃၀ စက်ပိုင်ဆိုင်ပြီး စိုက်ခင်း နီးစပ်ရာ စုပေါင်း ငှါးရမ်း အသုံးပြုကြသည်။ စက်ငှါးခ တနာရီ ၄၀၀၀ ကျပ်။
ခြေနင်းရေတင်စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်	၅		၅ အိမ်ထောင်မှပိုင်ဆိုင်ပြီး ကိုယ်ပိုင်သာ အသုံးပြုလေ့ရှိ သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အိမ်ခြံဝန်း ဟင်းသီး/ရွက်နှင့် ဆောင်းရာသီနှင့် နွေရာသီတွင် လယ်မြေများတွင် ဟင်းသီး/ရွက် စိုက်သောအခါ (၂၂) ကောင်ရေစုပ်စက်ကို နီးစပ်ရာတောင်သူများ စုပေါင်း၍ တနှစ် ၁၂၀၀၀ ကျပ် ဖြင့် ငှါးရမ်းအသုံးပြုကြရသည်။ အသုံးပြုဆီဘိုးကို ငှါးရမ်းတောင်သူများမှ ကျခံရသည်။

၂။ နွားကိုအဓိကအသုံးပြုကြပြီးထွန်စက်များကိုတွဲဖက်သုံးကြသည်။ နွားတရှဉ်း ထွန်တစ်ပ်ဌားခမှာ ၅၀၀၀ ကျပ် ၊ ထွန်စက်ငှါးရမ်းခ တဧက ၁၅၀၀၀ ကျပ်နှင့် လက်တွန်းထွန်စက် ငှါးရမ်းသုံးစွဲခ ၁၂၀၀၀ ကျပ်ဖြစ်သည်။

၃။ သီးထပ်စိုက်ပျိုးကြသောကြောင့် လုပ်ငန်းခွင် ကြန့်ကြာမှုများရှိသဖြင့် စက်ကိရိယာများကို ငှားရမ်းသုံးစွဲကြ ရသည်။ လက်ရှိလယ် (၆၈) ဧကနှင့် ယာ (၄၉) ဧက ရှိပြီး လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိပါ။

၄။ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ငှါးရမ်းခ ကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံး လျော့နည်းကြသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	ရှိ။	မြေသြဇာအသင့်အတင့်ကောင်းမွန်၍ ထွန်ယက်စိုက်ပျိုးနိုင်ပါသည်။
ရေအရင်းအမြစ်	ရှိ။	လက်ရှိရေစုပ်စက်ဖြင့် ဘီလူချောင်းမှ ရေတင်စိုက်ပျိုးကြသည်။ လျှပ် စစ်ဖြင့် မြစ်ရေတင်စီမံကိန်းဆောက်လုပ်ရန် အခြေအနေကောင်းရှိ သည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ။	စပါးခွံ၊ နွားချေးတို့ကို သဘာဝမြေဆွေးအနေဖြင့် အသုံးပြုကြသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ။	သုံးလေ့သုံးထမရှိ။ ရရှိရန် အဆက်အသွယ်လည်းမရှိကြပါ။
ချေးငွေရရှိမှု	ရှိ။	စိုက်ဘဏ်မှ ပုံစံ (၇) ရှိသူ တောင်သူ (၂၀) ဦးခန့်သာ စိုက်ပျိုးစရိတ်ချေးငွေ ကို ရရှိကြသည်။ မြေငှားစိုက်ပျိုးသူ တောင်သူများမှာ ချေးငွေမရကြပါ။ သမမှလည်း (၁၅၀) ဦးခန့် ကို တဦး ၁၀၀၀၀၀ ကျပ် ထုတ်ချေးပေးသည်။
သွင်းအားစုစျေးကွက်	ရှိ။	လွိုင်ကော်တွင် အလုံအလောက်ရရှိနိုင်သည်။
ဝန်ဆောင်မှုစျေးကွက်	ရှိ။	စိုက်ပျိုးရေးဆေးကုမ္ပဏီများမှ မကြာခဏ သင်တန်းပေးသည်။
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	ရှိ။	ကျယ်ကျယ်ပြန့်ပြန့် အလုံအလောက်ရှိသည်။ ကျေးရွာသူ/သားများမှ လွိုင်ကော်နှင့် မိုးမြဲသို့ အလွယ်တကူ သွားရောက်ရောင်းချနိုင်သည်။ စျေးကွက် အလုံအလောက်ရှိသည်။

အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စိုက်ဘဏ်နှင့် သမဝါယမမှ စိုက်ပျိုးစရိတ်များကို အချိန်မီထုတ်ချေးခြင်း၊ အလုံအလောက် ထုတ်ချေးခြင်း၊ တောင်သူများနှင့် လိုက်လျောညီထွေသော စည်းမျဉ်းစည်းကမ်းများဖြင့် ချေးငွေစနစ်မူဝါဒချမှတ် ဆောင်ရွက် ပါ က သီးနှံထုတ်လုပ်မှု တိုးလာနိုင်ပါသည်။ ပုံစံ (၇) ရှိသူ တောင်သူ (၂၀)

ခန့်သာ စိုက်ဘဏ်မှ ချေးငွေရရှိပြီး သမမှ တောင်သူ (၁၅၀) ဦးသာ တဦးလျင် ၁၀၀၀၀၀ ကျပ်နှုန်း ချေးငွေ ရရှိကြသည်။

၂။ စပါးစိုက်ပျိုးရေးအတွက် မိုးရေနှင့် ဘီလူးချောင်းမှ ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးကြသည်။

၃။ သဘာဝမြေဆွေးအနေဖြင့် စပါးခွံနှင့် နွားချေးတို့ကို သုံးစွဲကြပြီး သဘာဝမြေဆွေး ပြုလုပ် သုံးစွဲနည်းနှင့် မြေဆီလွှာထိန်းသိမ်းနည်း၊ ဘက်စုံပိုးမွှားကာကွယ်နည်းများကို လက်တွေ့အသုံးပြုနိုင် ပါ က စိုက်ပျိုးရေးသွင်းအား စု စရိတ်သက်သာပြီး တောင်သူများ အကျိုးအမြတ် တိုးလာနိုင် ပါသည်။

၄။ မြေဆီလွှာပြုပြင် ထိန်းသိမ်းနည်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးသုံးဆွဲနည်းများကို ကုမ္ပဏီများမှ ဟောပြောပွဲများ လာရောက်ပို့ချပေးသော်လည်း စိုက်ပျိုးရေးကို စနစ်တကျ သင်ကြားပေးမှုမရှိ။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ။	စိုက်မြေတိုးချဲ့ရန်မြေမရှိ။ မူလလယ်ပိုင်ရှင်မှာ (၂၀) သာရှိပြီး ကျန် တောင်သူများမှာ မြေငှါးလုပ်ကိုင်သူများဖြစ်သည်။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ။	စိုက်ဘဏ်ချေးငွေ အလုံအလောက်မရ။ အချိန်မီမရ။ ပြန်ဆပ်ချိန် ကန့်သတ်ထားပြီး သီးနှံပေါ်ချိန် ချက်ချင်းပြန်ဆပ်ရသောကြောင့် သီးနှံဈေးကောင်း စောင့် မရောင်းနိုင်ပါ။
သွင်းအားစုတတ်နိုင်မှု	ရှိ။	အရင်းအနှီးမတတ်နိုင်သောကြောင့် အချိန်မီအသုံးမပြုနိုင်၊ အလုံ အလောက် အသုံးမပြုနိုင်ကြပါ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ။	အချို့ကျပန်းများ လယ်ယာလုပ်ငန်းမှ အလုပ်နှင့် ဝင်ငွေပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်းကြောင့် လမ်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင် များသို့ သွားရောက် အလုပ်လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေး လုပ်သားရှားပါးမှု ကြုံရ သည်။
ဆည်မြောင်းရေရရှိမှု	ရှိ။	စိုက်ပျိုးမြေနှင့် ကျေးရွာမှာ ဘီလူးချောင်းဘေးတွင် တည်ရှိသော်လည်း ဆည် မြောင်းမရှိသဖြင့် ဆည်ရေသုံးစွဲနိုင်ခြင်း မရှိပါ။
မိုးရေမလုံလောက်မှု	ရှိ။	ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေလုံလောက်မှု မရှိခြင်းတို့ နှစ်စဉ်ကြုံရသည်။
စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	ရှိ။	အချိန်မီ အသုံးပြုနိုင်ခြင်းမရှိ။ အလုံလောက်လည်း အသုံးပြုနိုင် ခြင်း မရှိပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ။	ဆိုးရွားစွာကျရောက်ဖျက်ဆီးမှုခံရပြီး ပိုးသတ်ဆေးစနစ်တကျ အသုံး

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
		မပြုခြင်း၊ အလွန်အကျွံသုံးစွဲခြင်း၊ အချို့ရောဂါနှင့်ပိုးများ ခံနိုင်ရည် ရှိလာခြင်း ကြုံရသည်။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ။	စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာပေးသော်လည်း လုံလောက်မှု မရှိ။ နည်းပညာပေးခြင်းထက် အရောင်းမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်သည်ကို တွေ့ရသည်။
ဈေးကွက်လက်လှမ်းမှီမှု	မရှိ။	ဈေးကွက် အလုံအလောက်ရှိသည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	မရှိ။	-

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ။ လယ်ယာသုံးစက်ကရိယာ လုံလောက်မှု မရှိပါ။ မိုးစပါးစိုက်ရန် အချိန်လုရခြင်း၊ ခြွေလှေ့ပြီး ချက်ချင်းရောင်းရသောကြောင့် ဈေးကောင်းမရပေ။ တချို့နှစ်များတွင် ဘီလူးချောင်းမှ ရေကြီးနစ် မြုပ်မှုများ ကြုံတွေ့ရသည်။

၂။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေအချိန်မီနှင့် အလုံအလောက်မရနိုင်သောကြောင့် တောင်သူများမှာ စိုက်ချိန်မီရန် ပြင်ပ (သို့မဟုတ်) ပွဲရုံမှ အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးရသည်။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေ ရပြီးပါကပြင်ပ ချေးငွေကို ပြန်ဆပ်ရသည်။

၃။ ပြန်ဆပ်ချိန်ကိုလည်း ဖလ (ဇန္နဝါရီလ) တွင် မဖြစ်မနေပြန်ဆပ်ကြရသဖြင့် ၎င်းအချိန်သည် သီးနှံပေါ်စ အချိန်ဖြစ်သောကြောင့် တောင်သူများ သီးနှံဈေးကောင်းမစောင့်နိုင်ဘဲ သီးနှံကို အမြန်ဆုံးရောင်းချပြီး ပြန် ဆပ် ကြရသည်။

၄။ အကယ်၍ စိုက်ပျိုးသီးနှံ အောင်မြင်မှု မရှိပါကလည်း စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို မဖြစ်မနေ သတ်မှတ်ကာလတွင် ပြန်ဆပ်နိုင်ရန် ပွဲရုံများမှ ဆောင်းသီးနှံကို အပေါင်သဘောထားကာ ၅% မှ ၇% အတိုးဖြင့် ယူ၍ စိုက်ဘဏ်ချေးငွေကို ပြန်ဆပ်ကြရသည်။

၅။ ဆောင်းသီးနှံမှာလည်း မျှော်မှန်းသကဲ့သို့ အောင်မြင်မှု မရှိသည့်အခါ စိုက်ပျိုးမြေနှင့် နွားများကို ရောင်းပြီး ပြန်ဆပ်ကြရသဖြင့် စိုက်ဘဏ်ချေးငွေသည် တောင်သူများအတွက် ဆင်းရဲမှုကို ပိုမို ဖြစ်စေသည်။

၆။ တောင်သူ ၂၀ ဦးခန့်မှာ စိုက်ဘဏ်မှ ၃၇၀ သိန်းခန့်ချေးယူထားသော်လည်း စိုက်စရိတ် မလုံလောက်၍ ဓာတ်မြေဩဇာပိုးသတ်ဆေးများ လျော့သုံးကြသည်။ ထို့ကြောင့် အချို့တောင်သူများမှာ မျှော်မှန်းအထွက်နှုန်း မရကြပေ။ ချေးငွေကိုလည်း မိုးစပါးစိုက်ပျိုးရေးအတွက်သာ ရရှိကြပြီး ကျန်ဟင်းသီး/ရွက်နှင့် ယာစိုက်ပျိုးရေး အတွက် ချေးငွေမရကြပါ။

၇။ ဖျက်ပိုးရောဂါများဆိုးဝါးစွာကျရောက်၊ ကာကွယ်နှိမ်နင်းခြင်းများကို ဆေးဆိုင်နှင့်ကုမ္ပဏီများမှ ညွှန်းပေးသော်လည်း နည်းပညာလုံလောက်မှု မရှိသေးပါ။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၈	၃၉ ကောင်။
မြင်း	၁	၁ ကောင်
ကျွဲ	၂	၄ ကောင်။
ဝက်	၇၅	၁၀၉ ကောင်။
ကြက်	၆၁	၃၈၂ ကောင်။ အိမ်ခြံစိုက်သဖြင့် ကြက်မွေးရန် စိတ်ဝင်စားမှု နည်း သည်။
ဘဲ	၁၈	၁၃၅ ကောင်။
ငါးလုပ်ငန်း		
ငါးကန်	၁	၁ ကန်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ နွားကို လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်နှင့် နွားသားဖေါက်ရောင်းရန်အတွက် တောင်သူများက အဓိက မွေးမြူကြသည်။

၂။ မြင်းကို မြင်းလှည်းခိုင်းရန် အသုံးပြုကြသည်။

၃။ ဝက်၊ဘဲနှင့် ကြက်ကို တပိုင်တနိုင်အနေဖြင့် မိသားစုဝင်စွေအတွက် မွေးမြူကြပါသည်။

၄။ မွေးမြူရေးတွင် ချမ်းသာအိမ်ထောင်စုများမှာ မွေးသူနည်းပြီး ဆင်းရဲအိမ်ထောင်စုများသို့ မွေးဘက်ပေးထားသည်။ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ မြင်း စသည်များစွာ မွေးမြူကြပြီး

မွေးမြူရေးတိုးတက်လာပါက ဆင်းရဲသော အိမ်ထောင်စုများအတွက်များစွာ အကျိုးရှိနိုင်သည်။ ကျပန်းသမားအများစုသည် မွေးမြူရေး တွဲဖက်လုပ်ကိုင် ကြ သည်။

၅။ ကြက်ကို စီးပွါးဖြစ် မွေးမြူလေ့ မရှိဘဲ မိမိတို့ စားသုံးရန်အတွက်သာ မွေးမြူလေ့ရှိကြသည်။ သို့သော် ယခုအခါ လျှပ်စစ်မီးလက်လှမ်းမီလာကြသဖြင့် ဥစား၊ အသားစားကြက်ကို စီးပွါးဖြစ် မွေးမြူရန် စိတ်ဝင်စားကြပြီး အတွေ့အကြုံလည်းမရှိသေးသဖြင့် စမ်းသပ်မွေးမြူပေးရန် အဆိုပြု ကြသည်။ ဘဲမွေးမြူရေးရှိသော်လည်း အမြတ် အလွန်နည်းသည်။

၆။ စိုက်ပျိုးရေးစွန့်ပစ်စာ အလုံလောက်ရနိုင်သည်။ သို့သော် ဟင်းသီး/ရွက်စွန့်ပစ်စာများမှာ ပိုးသတ် ဆေးအလွန် အကျွံသုံးစွဲလေ့ရှိသဖြင့် သေချာသိမှသာ အစာအဖြစ်အသုံးပြုကြသည်။

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	သီးခြားမရှိ။ သီးနှံများ ရိတ်သိမ်းပြီးချိန်တွင်သာ လွှတ်ကျောင်းကြ သည်။
ရေရရှိမှု	ဘီလူးချောင်းရေမှာ တနှစ်ပါတ်လုံး အလုံအလောက်ရရှိသည်။
တိရိစ္ဆာန်မျိုး	နွား၊ ဆိတ်၊ ဝက်၊ ကြက်နှင့် ဘဲကို မွေးမြူကြသည်။
ချေးငွေ	မွေးမြူရေး သီးသန့်ငွေချေးစနစ်မရှိ။ အရင်းအနှီးလည်း မတတ်နိုင်ကြ ပါ ။
သွင်းအားစုဈေးကွက်	လွိုင်ကော်တွင် အလွယ်တကူနှင့် အလုံအလောက်ရရှိနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	လွိုင်ကော်မွေးကုဋီးစီးဌာနတွင် အလွယ်တကူနှင့် အလုံအလောက်ရရှိ နိုင်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	ဈေးကွက်အလုံအလောက်ရှိသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	လုံလောက်မှုရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင်လွှတ်ကျောင်းနိုင်ပြီး လယ်စပါးမှ ရရှိသော ကောက်ရိုးများနှင့် အစာစိမ်း များပေါများသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေသီးသန့် မရှိသော်လည်း လွှတ်ကျောင်း ရန်နေရာများရှိပါသည်။ ကောက်ရိုးများလည်းအလွန်ပေါပါသည်။

၂။ ကျေးရွာတွင် နွား၊ ကြက်နှင့် ဝက်ကို အဓိကမွေးမြူပါသည်။ နွားကိုခိုင်းနွားအဖြစ် အသုံးပြု၍ စိုက်ပျိုးရေးအတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိ။ နွားမွေးမြူရန် စားကျက်၊ ဈေးကွက်၊ ရေ အလုံအ လောက်ရှိပြီး အခွင့်အလမ်းကောင်းများရှိသည်။

၃။ မွေးမြူရေးသီးသန့် ချေးငွေမရှိသောကြောင့် အရင်းအနှီး လုံလောက်မှုမရှိ။

၂.၂.၂.၃ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	မွေးမြူရေး သီးသန့်ငွေချေးစနစ်မရှိ။ အရင်းအနှီးလည်း မတတ်နိုင်ကြပါ ။
ကူးစက်ရောဂါဖြစ်ပွားမှု	မွေးမြူရေးဝန်ဆောင်မှုအားနည်းခြင်း၊ ကူးစက်ရောဂါကျရောက်တတ်ခြင်း၊ တိရိစ္ဆာန်ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့်အချိန်မီ ကာကွယ်ဆေးထိုးရန် ဆေးဝါးနှင့် ဝန်ဆောင်မှုမရခြင်း၊ တောင်သူ များအနေဖြင့်လည်း ကာကွယ်ဆေး၏ အရေးပါမှုနှင့် အသိပညာနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။ ကြက်မွေးမြူရေး တွင် နှစ်စဉ်ရာသီရောဂါများဆိုးရွားစွာ ကျရောက်လေ့ရှိပြီး ကာကွယ်နှိမ်နင်းနိုင်ခြင်း မရှိပါ။
သွင်းအားစုဈေးကွက်	အရင်းအနှီးနည်းသဖြင့် အချိန်မီနှင့် အလုံလောက်မတတ်နိုင်ကြ ပါ ။
ဝန်ဆောင်မှုဈေးကွက်	မြို့နယ် တိမွေးကုရှိသော်လည်း ပုံမှန်လာလေ့မရှိ။ လိုအပ်ချိန် သီးခြားခေါ်ယူရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူမရှိပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	အသားရောင်းချခွင့် လိုင်စင်ဖြင့် ထိန်းချုပ်ခံရသဖြင့်အသား ငါးကို လွပ်လပ်စွာ ရောင်းချခွင့်မရှိ။ ဈေးနှိမ်ခံရသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	ဗဟုသုတနှင့်ကျွမ်းကျင်မှုနည်းသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	စီးပွါးဖြစ် တိရိစ္ဆာန်မွေးမြူရန် လျပ်စစ်မီးမရရှိသေးခြင်း၊ မိမိအိမ်မွေးတိရိစ္ဆာန်များ ရောင်းချခွင့် လိုင်စင် လက်လှမ်းမမီခြင်း၊ လိုင်စင်ရရန် ခက်ခဲခြင်းကြောင့် သားသတ်လိုင် စင်ရ စီးပွါးရေးသမားများ၏ ခေါင်းပုံဖြတ်မှု ခံနေရခြင်း။ နီးစပ် သူများကသာ လိုင်စင်ကို ထိန်းချုပ်ထားသည်။
မျိုးကောင်းမျိုးသန့်	မျိုးကောင်းမျိုးသန့်ရရှိရန် အလှမ်းဝေးခြင်း၊ ဒေသမျိုးများကိုသာ မွေးမြူကြခြင်း၊ မွေးမြူရေးအသိ ပညာဗဟုသုတ အားနည်းခြင်း၊

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်

ငါးဖမ်းခွင့် လက်လှမ်းမှီမှု

ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု

အရင်းအနှီးလက်လှမ်းမှီမှု ငွေချေးစနစ်လုံးဝမရှိပါ။

အခြား

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်စွာ ဝန်ဆောင်မှုမရှိ။

၂။ တိရိစ္ဆာန်များကြိုတင်ကာကွယ်စောင့်ရှောက်မှုမရှိပါ။ စနစ်တကျမွေးမြူနည်းစနစ်လိုအပ်ပါသည်။ ဗဟုသုတ အသိပညာအတွေ့အကြုံမရှိပါ။

၃။ ဆေးထိုးရန်အတွက် မြို့နှင့်အခြားပြင်ပရွာသို့သွားခေါ်ရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ အချိန်မမှီပါ က သေဆုံး/ ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိ ပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။

၄။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၂	ထုတ်ကုန်လုပ်ငန်း	၁			လတ်။ တွင်ခုံလုပ်ငန်းဖြစ်သည်။
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၅	၁၈		မြင့်။ ကန်ထရိုင်တာ ၁ ဦး၊ လက် သမားခေါင်းဆောင် ၄ ဦး၊ ပန်းရံ နောက်လိုက် ၁၈ ဦး။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၂၀			၁၀ ဦးမှာ စိုက်ပျိုးရေး အရောင်း အဝယ်လုပ်ကိုင်ကြပြီး၊ ၁ အိမ်မှာ လက်ကားဆိုင်၊ ၉ အိမ်မှ အိမ်ဈေးဆိုင်များဖြစ်သည်။ စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၅			သုံးဘီးဆိုင်ကယ်မောင်းသူ ၃ ဦး၊ ထော်လာကျိမောင်းသူ ၂ ဦး။
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး		၄		၄ ဦးမှာ ကျောင်းဆရာ/မများဖြစ် ပြီး စိုက်ပျိုးရေးမှာ အဓိကအသက်မွေးလုပ်ငန်းဖြစ်သည်။
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)		၂၆		ကြိုရာကျပန်းလုပ်ကိုင်ကြသည်။ မြေယာမရှိ။ အငှားလိုက်သည်။
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	၃၁	၄၈		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် ထုတ်လုပ်သူ ၁ ဦး၊ ဆောက်လုပ်ရေး ၅ ဦး၊ ဈေးရောင်းသူ (၂၀) ဦး၊ သယ်ယူ ပို့ဆောင်ရေး ၅ ဦး၊ စုစုပေါင်းလုပ်ငန်း ၃၁ ခုရှိသည်။ အလုပ်သမားနေဖြင့် လုပ်ကိုင်သူ (၄၈) ဦး (လက်သမား၊ ပန်းရံ ၁၈ ဦး၊ ပညာရေးဝန်ထမ်း ၄ ဦး၊ ကျပန်း ၂၆ ဦး) ရှိသည်။

၂။ အစိုးရပညာရေးဝန်ထမ်း ၄ ဦးမှာ ပုံမှန်အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေရှိသော်လည်း ကျန်လုပ်ငန်းများမှာ ပုံမှန်အလုပ်နှင့် ဝင်ငွေမရှိကြပါ။

၃။ ကျပန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည်၊ အဓိက လုပ်ငန်း ဖြစ်သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြ သည်။

၄။ နေ့စားအလုပ်သမားများ၏ တရက်ဝင်ငွေမှာ ပျမ်းမျှ ၃၀၀၀ ကျပ်ခန့်ရှိပြီး စားဝတ်နေရေးခက်ခဲ

ကြသည်။ လယ်ယာစိုက်ချိန်တွင် အလုပ်ပေါ်ပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူကာ (သို့) လုပ်အားကြိုရောင်းခြင်းဖြင့် ဖြေရှင်းရသည်။ အနီးပတ်ဝန်းကျင်ရွာများသို့ သွားရောက် လုပ်ကိုင်ကြရသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
လုပ်သားအင်အားအများအပြားရှိခြင်း၊ ကျွမ်းကျင် လုပ်သားများရှိ။ ဘွဲ့ရ လူငယ်အချို့ရှိသည်။	ရွာအနီးတဝိုက်တွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းနှင့် အရင်းအနှီးမရှိ။ ပညာရေးအဆင့်အတန်း မပြည့်မီခြင်း၊ အလုပ်အကိုင် ရရှိရန် အခွင့်အလမ်းနည်းပါးခြင်း၊ အဆက်အသွယ် မရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုမရှိခြင်း
ကျေးရွာမှ လူငယ်လူရွယ်များကို အသက်မွေး ဝမ်းကျောင်းပညာ ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးနိုင်ခြင်း၊	အသက်မွေးဝမ်းကျောင်းသင်တန်း တက်ရောက်ရန် အဆက်အသွယ်နှင့် အရင်းအနှီးမရှိ၊ ဈေးကွက် နှင့် အလှမ်းဝေး၊ မြို့ပေါ်တွင် တည်းခိုနေထိုင်ရန် နေရာမရှိ၊ လုပ်ငန်းခွင်လိုအပ်မှုသတင်းအချက်အလက်နှင့် အဆက်အသွယ်မရှိ။
လျှပ်စစ်မီး လက်လှမ်းမီပြီး အိမ်တွင်းမှ အသေး စားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် အလား အလာ ကောင်းသည်။	အသက်မွေးပညာ ကျွမ်းကျင်မှု မရှိကြပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျပန်းမြေယာမဲ့များအတွက် ချေးငွေလက်လှမ်းမမီနိုင်ခြင်း။ အရင်းအနှီးမရှိခြင်း။

၂။ အသက်မွေးဝမ်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ်နည်းပါးခြင်း။

၄။ ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက် လက်လှမ်းမမီနိုင်ခြင်း။

၅။ အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်ပါက ကျေးရွာတွင် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများလာမည်ဖြစ်ပြီး လျှပ်စစ်မီးလည်း လက်လှမ်းမီသဖြင့် အိမ်တွင်းမှု လုပ်ငန်းများ တိုးတက်လာ နိုင်မည် ဖြစ်သည်။

၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (ကီလိုမီတာ)	လွိုင်ကော်ဈေးသို့ (၃) မိုင် အကွာအဝေးတွင်ရှိသည်။	မိုးဗြဲဈေးသို့ (၁၅) မိုင်ခန့်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	မြေနီနှင့် ကျောက်ချောလမ်း သုံးဘီးကား၊ မော်တော်ဆိုင်ကယ်၊ ခြေလျင်၊ ထော်လာကျီ။	မြေနီ၊ ကျောက်ချောလမ်း နှင့်ကတ္တရာလမ်း။ မော်တော်ကား၊ ဆိုင်ကယ်၊ သုံး ဘီး၊ ထော်လာကျီ
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကုန်မျိုးစုံးနှင့် ဟင်းသီး/ရွက်၊ သား၊ငါး ရောင်း/ဝယ်ရန် ကောင်းမွန်၊ ဝန်ဆောင်မှု လိုအပ်သလို ရရှိနိုင်။	ကုန်မျိုးစုံ လက်လီ၊ လက်ကား ရောင်းဝယ်ရေး ကောင်းမွန်၊ ဝန်ဆောင်မှု လိုအပ်သလို ရရှိနိုင်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စပါးနှင့် ဟင်းသီး/ရွက်များကို ပွဲစား၊ ကုန်သည်များမှ ကျေးရွာသို့လာရောက်ဝယ်ယူကြသည်။ ဈေးကောင်းရရန် မိုးဗြဲဈေးသို့လည်းသွားရောက် ရောင်းချကြသည်။

၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
သမဝါယမအဖွဲ့	ချေးငွေ	တိကျသောကာလ (၆) လ	တလ ၁.၅%	လယ် မြေ	ခက်ခဲ။ လိုသလောက်မရ။ လိုအပ်ချိန်တိုင်း မရနိုင်။

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
စိုက်ဘဏ်	ချေးငွေ	တိကျသောကာလ (၆) လ	တလ ၀.၈%	လယ် မြေ	လယ်ရှိသူတောင်သူ (၂၀) ဦးသာ ချေးခွင့်ရ။ခက်ခဲ။ လိုသလောက်မရ။ အချိန်မီ ငွေချေးရန် မရနိုင်
ကောင်းကင်သစ်စိတ်တူကိုယ်တူအဖွဲ့	ငွေစုငွေချေး	စည်းကမ်း သတ်မှတ် ထားသည်။	တလ ၂%	မလို	ချေးငွေ လုံလောက်မှု မရှိ။
လက်ရေတပြင်တည်းစိတ်တူကိုယ်တူအဖွဲ့	ငွေစုငွေချေး	စည်းကမ်း သတ်မှတ် ထားသည်။	တလ ၂%	မလို	ချေးငွေ လုံလောက်မှု မရှိ။ အဖွဲ့ဝင်သာချေးခွင့်ရ။
ငွေချေးပေးသူ (လွိုင်ကော်)	ငွေချေး	၆ လ	၁၀–၂၀%	မြေ၊ ရွှေထည်	အများဆုံး ၃ သိန်း အထိ ချေးနိုင်သည်။
အပေါင်ဆိုင်	ငွေချေး	၃ လတခါ လက်မှတ် ပြန်လဲပေးသည်။	၃%	ရွှေထည်	အများဆုံး ၃ သိန်း အထိချေးနိုင်သည်။
မိတ်ဆွေနှင့်ဆွေမျိုးများ	ငွေချေး	ပုံမှန်မရှိ။	၁၀–၂၀%	ပုံမှန်မရှိ။	တခါတရံ အတိုးပေးရသည်။ တခါတရံ အတိုး မပေးရပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စိုက်ဘဏ်မှတောင်သူ ၁၃၅ ဦးကို (၃၇၀) သိန်းငွေချေးပေးသည်။ ၁ ဧကလျှင် ၁သိန်း အများဆုံး ၁၀ ဧက အတွက် ၁၀ သိန်းထိထုတ်ချေးပြီး၊ အတိုးနှုန်းမှာ (၄၂) ပြားတိုးဖြစ်ပြီး ၆လ(သို့) ၈လ ကြာလျှင် ပြန်ဆပ်ရသည်။

၂။ လယ် ဧကနည်းသူများနှင့် ဟင်းသီး/ရွက်စိုက်ပျိုးရေးအတွက် ချေးငွေမေကြေပါ။ လယ်ဧက ၆၈ ခန့် အတွက် ထုတ်ချေးငွေမှာ စိုက်စရိတ် လုံလောက် မှုမရှိကြေပါ။

၃။ သမ မှ ၁၅၀ ဦးကို ၁၅၀ သိန်း ထုတ်ချေးပေးထားသည်။

၄။ အမျိုးသမီးစိတ်တူကိုယ်တူအဖွဲ့များမှလည်း ၎င်းအဖွဲ့ဝင်များ ချေးငွေကိုလက်လှမ်းမီကြသည်။ သို့သော် ချေး ငွေ လုံလောက်မှုမရှိကြေပါ။

၂.၅ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	မြင့်မား	မြေဆီလွှာ ထိန်းသိမ်းမှုနည်းစနစ်မသုံးဘဲ ဆက်တိုက်စိုက်ပျိုးခြင်း၊ သဘာဝမြေဆွေးကို အလုံအလောက်မရနိုင်သောကြောင့် ဓါတ်မြေဩဇာများကို သုံးစွဲခြင်း
အပင်မျိုးစိတ်များ	မြင့်မား	ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှုများသောကြောင့် သိသိသာသာ ရှားပါးလာ။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်မား	ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းနည်းထက် ဓာတုဆေးများအပေါ် မှီခိုလွန်းခြင်း
ရေအရင်းအမြစ်	နိမ့်	ဘီလူချောင်းမှ ရေကို တနှစ်ပါတ်လုံး အသုံးပြုနိုင်သည်။
ငါးမျိုးကွဲများ	မြင့်မား	ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှုများသောကြောင့် သိသိသာသာ ရှားပါးလာ။
အခြားတိရိစ္ဆာန်မျိုးကွဲများ	မြင့်မား	ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှုများသောကြောင့် သိသိသာသာ ရှားပါးလာ။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲ မှု	မြင့်မား	ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဗူးများကို စည်းကမ်းမဲ့ စွန့်ပစ်ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ငါးမျိုးများ နှင့် အခြားတိရိစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။

၂။ မြေဆီလွှာထိန်းသိမ်းမှု မရှိကြပါ။

၃။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်းမရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာ သည်။

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း။	တခါတရံသာဘီလူးချောင်းမှ ရေလျှံ ရေလွှမ်းမိုးမှု ဖြစ်ပေါ်သည်။	မရှိသေးပါ။
မီးဘေး	နည်း။	တခါတရံဖြစ်လေ့ရှိသည်။	မီးသတ်အဖွဲ့ဖွဲ့စည်းထားပြီး မီးကင်း စစ်ဆေးမှု ပြုလုပ်သည်။
မုန်တိုင်း	နည်း။	ဖြစ်မှုနည်းသည်။	
ငလျင်	နည်း။	ဖြစ်မှုနည်းသည်။	
မိုးခေါင်ခြင်း	များ။	နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။	မရှိသေးပါ။
အအေးလှိုင်း	နည်း။	တခါမှ မဖြစ်ဘူးသေးပါ။	
ပဋိပက္ခ ဖြစ်ပွားမှု	နည်း။	ဖြစ်လေ့မရှိပါ။	
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	များ။	နှစ်စဉ်ဆိုးရွားစွာ ကျရောက်တတ် သည်။	
လူရောဂါဖြစ်ပွါးမှု	လတ်။	ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား ဖြစ်တတ်သည်။	ကျန်းမားရေးပညာပေး လုပ်ငန်းများ လုပ်ဆောင်ပေးသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အခြားသဘာဝဘေးလျှော့ချရေးအစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

၂။ မီးကင်းစောင့်ခြင်း၊ နွေရာသီ မီးငြိမ်းသတ်မည့် အစီအစဉ်ချမှတ်ခြင်း၊ လိုက်လံ စစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ် ခြင်းများသာ ပြုလုပ်ကြသည်။

၃။ ဘီလူချောင်းမှ တခါတရံရေလွှမ်းလေ့ရှိပြီး သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအစီအစဉ်များနှင့် သင်တန်းများ လိုအပ်သည်။

၂.၆ ပညာရေး

၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ %
လုံးဝကျောင်းမနေသူများ	၆၇	၇၀	၁၃၇	၂၃%
ဘာသာရေးအခြေပြုပညာရေး	၅	၂	၇	၁.၂%
မူလတန်းပြီးဆုံးမှု မရှိသည့်ဦးရေ				
မူလတန်းပညာရေးပြီးဆုံးသူများ	၁၁၄	၁၁၅	၂၂၉	၃၈.၄%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၆၈	၉၇	၁၆၅	၂၇.၇%
အထက်တန်းပညာရေးပြီးဆုံးသူများ	၂၄	၁၈	၄၂	၇%
တက္ကသိုလ်ပညာပြီးဆုံးသူများ		၄	၄	၀.၇%
တက္ကသိုလ်တက်ရောက်နေသူများ	၄	၈	၁၂	၂%
၉ နှစ်အထက်လူဦးရေပေါင်း	၂၈၂	၃၁၄	၅၉၆	၁၀၀%

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လုံးဝစာမတတ်သူ ၁၃၇ ဦး (၂၃%) နှင့် မူလတန်းပညာပြီးဆုံးသူ ၂၉၉ ဦး (၃၈.၄%) ရှိသည်။

၂။ မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများသော်လည်း ဘွဲ့ရပညာတတ်သူ

နည်းသည်။ အကြောင်းမှာ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းအထိ စာသင်ကျောင်း ရှိသော်လည်း အထက်တန်းနှင့် တက္ကသိုလ်များမှာဝေးပြီး မိဘများမှ ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

၂.၆.၂ ကျောင်းအပ်နှန်း

ဇယား (၂၈) ကျောင်းအပ်နှန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၄၀	၂၆	၆၆	၉၇%
အလယ်တန်း (၁၀-၁၄နှစ်)	၇၅	၄၈	၁၂၃	၁၅၃.၈%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၁၈	၂၁	၃၉	
တက္ကသိုလ်ကျောင်းသား၊သူ	၄	၈	၁၂	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အလယ်တန်းကျောင်းနေမှုနှုန်းမှာ ၁၅၃.၈% ဖြစ်နေရခြင်းမှာ အချို့ကလေးငယ်များမှာ အသက်ကြီးမှ ကျောင်းတက်ကြရသောကြောင့် ဖြစ်သည်။

၂။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူဦးရေ သိသိသာသာ လျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းအဆင့်သာ ကျောင်းရှိပြီး အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွိုက်ကော်သို့ သွားရောက်တက်ရခြင်းနှင့် မိဘများဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သောကြောင့် ဖြစ်သည်။

၃။ အသက်ကြီးမှ ကျောင်းနေကြသောကြောင့် အသက်အရွယ်အပိုင်းအခြားနှင့် နှိုင်းယှဉ်ပါက ကျောင်းသားအရေအတွက်မှာ များနေရခြင်းဖြစ်ပါသည်။ ယခင်က ရွာတွင်အလယ်တန်းကျောင်း မရှိသဖြင့် ကျောင်းထွက်ကြ သည်။

၄။ ယခုအခါ ၆ တန်းအထိ မူလွန်ခွင့်ပြုချက်ရသောအခါ ကျောင်းပြန်တက်သူရှိသဖြင့် အလယ်တန်းတွင် ကျောင်းသားများနေရခြင်းဖြစ်ပါသည်။

၅။ (၅-၉)နှစ်ကြားမူလတန်းကျောင်းနေအရွယ်ကလေး ကျား(၂၂)၊ မ(၄၆)ဦး၊ ပေါင်း (၆၈)ဦးရှိပြီး၊ လက်ရှိ ကျေးရွာ မူလတန်းကျောင်းတွင် ကျား (၂၂) ဦး၊ မ (၄၄) ဦး၊ စုစုပေါင်း (၆၆) ဦး ၉၇% တက်ရောက်ပညာ သင်ကြားနေပါ သည်။

၆။ အလယ်တန်းတွင် ကျား (၇၅) ဦးနှင့် မ (၄၈) ဦး၊ စုစုပေါင်း (၁၂၃) ဦး တက်ရောက်ပညာသင်ကြား လျက်ရှိ သည်။ အထက်တန်းပညာတွင် ကျား(၁၈)ဦး၊ မ(၂၁)ဦး၊ ပေါင်း (၃၉)ဦးလည်း တက်ရောက်သင်ကြား နေကြ ပါသည်။ ယခုနှစ်တွင် ကျား (၄)ဦး နှင့် မ(၈)ဦး၊ စုစုပေါင်း (၁၂) ဦးတို့သည် တက္ကသိုလ်တက်ရောက်နေကြပါသည်။

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာအတွင်း	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	
စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်)	၆၀ ပေ × ၃၀ ပေ × ၁၀ ပေ	
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ညှဉ်။	
ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုမရှိ။	
ကျောင်းဆရာဦးရေ	ကျား မ ပေါင်း	ကျား မ ပေါင်း
	၁ ၂ ၃	၂ ၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ၎င်းလက်ရှိ စာသင်ကျောင်းမှာ ဟောင်းနွမ်းပျက်စီးနေသည်။

၂။ မူလွန်ကျောင်းဖြစ်ပြီး ၆ တန်းအထိ ပညာသင်ကြားလျက်ရှိသော်လည်း ကျောင်းဆောင်မှ တဆောင်တည်းဖြစ်ပြီး လုံလောက်မှုလည်း မရှိပါ။

၂.၆.၄ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၅ ဦး
တပည့် - ဆရာ အချိုး	၁၂၈/၅ (၂၅.၆/၁)
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်သည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နိုင်မှု အဆင့်တွင် စရိတ်မတတ်နိုင်မှုရှိသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	အားနည်းနေသေးသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။ ဆရာလုံလောက်မှု ရှိသည်။ ကျောင်းသား (၁၂၈) ဦး ရှိပြီး ဆရာ/ဆရာမ (၅) ဦးရှိသည်။ ဆရာလုံလောက်မှု ရှိသည်။

၂။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီရှိပြီး ကျောင်းအတွက် လိုအပ်သော ပရိဘောဂပစ္စည်း၊ ကျောင်းအတွက် သာယာလှပရေး တက်ကြွစွာ လှုပ်ရှားမှု ရှိသည်။

၃။ မူလတန်းကျောင်းပြီးပါက စီးပွါးရေးအဆင်မပြေသောကြောင့် အများစုမှာ ကျောင်းဆက်မထားနိုင်ကြပါ။

၂.၇ ကျန်းမာရေးနှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁။ တုတ်ကွေး	၂။ ဝမ်းရောဂါ	၃။ ငှက်ဖျား	၄. ရာသီဖျား
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လက်ရှိတွင်ကျေးရွာမှာတုပ်ကွေး ရောဂါအဖြစ်များနေပါသည်။ ရေကြီးသောနှစ်များတွင် ရေမသန့်၍ ရောဂါ ဖြစ်ပွားမှု များသည်။

၂။ ကျေးရွာတွင် ကျန်းမာရေးမှူးတဦးနှင့် သားဖွါးဆရာမတဦးရှိသော်လည်း ကျေးရွာတွင် မနေနိုင်ကြသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု လုံလောက်မှုမရှိကြပါ။ အရေးပေါ်လိုအပ်ပါက သားဖွားဆရာမကိုဖုန်းဆက် ခေါ်ယူကြရ သည်။

၂.၇.၂ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) မှုံပြာကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာ ရေး ဌာန	ရွာတွင်း	မရှိ	သားဖွားဆရာမ ( ) ဦး ကြီးကြပ်-၁ ( ) ဦး	မရှိ	ကျန်းမာရေးဆေးခန်း ကောင်းမွန်ပြီး ကျန်းမာရေးမှူးနှင့် မီးယပ်သားဖွား ဆရာမရှိသော်လည်း ဝန်ထမ်းများကျေးရွာတွင် မနေနိုင်ကြပါ။

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ဆေးရုံ	လွိုက်ကော် (၃ မိုင်)	ရှိ	ဆရာဝန် ( ) ဦး သူနာပြု - ( ) အခြား - ( )	ရှိ	
ဆေးဆိုင်	လွိုက်ကော် (၃ မိုင်)	ရှိ	ဆေး ဝါးကျွမ်းကျင် သူရှိသည်။	လက်လှမ်းမှီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်	စနစ်တကျသိုလှောင် မှုရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျွန်ုပ်တို့၏ကျေးရွာ ကျေးလက်ဆေးပေးခန်းရှိပြီး သားဖွါးဆရာမ (၁) ဦးနှင့် ကျန်းမာရေးမှူး (၁)ဦး ရှိသည်။ ဆေးခန်းမှာ ၄၀ ပေ × ၃၀ ပေ × ၁၂ပေ အရွယ် တိုက်ဖြစ်သည်။ ဝန်ထမ်းအိမ်ယာမှာလည်း ၄၀ ပေ × ၃၀ ပေ × ၁၂ပေ အရွယ် တိုက်ဖြစ်သည်။ ဝန်ထမ်းအိမ်ယာနှင့် လျှပ်စစ်မီးကောင်းသော်လည်း ကျန်းမာရေးဝန်ထမ်းများမှာ ကျေးရွာတွင် မနေနိုင်ကြပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှု အလုံလောက် မရကြပါ။ ရွာသူ/သားများအနေဖြင့် ကျန်းမာရေးဝန်ထမ်းကို တာဝန်ကျ ကျေးရွာတွင် အချိန်ပြည့် နေစေချင်ကြသည်။

၂။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သွေးအားနည်းခြင်းများ မကြာခဏကြုံရသည်။ ကျေးရွာ ဆေးခန်းတွင် ကိုယ်ဝန်အပ်လေ့ရှိပြီး သံဓါတ်အားဆေး အခမဲ့၊ တလတကြိမ် ပြုစုစောင့်ရှောက်မှု ရရှိသည်။

၃။ ဆေးခန်းဆောက်စဉ် ပို့ငွေကို မိခင်ကလေးရံပုံငွေ အဖြစ် (၅၀၀၀၀) ကျပ်ရှိသည်။ တောင်သူတဦး တနှစ်စပါး (၂) တင်းနှုန်းစုဆောင်းရာ တနှစ်စပါး (၄၀) တင်းရသည်။ (၈) နှစ်စုဆောင်းပြီး လုပ်အားပေးရငွေဖြင့် စပါး ဝယ်ယူ စုဆောင်းသည်။ ၎င်းကို အတိုးပေးရာ တတင်းလျှင် အတိုး တခွဲ (၈) ပြည်ရသည်။ ဇူလိုင်လတွင် ထုတ် ချေးပြီး ဧန္နဝါရီလတွင် ပြန်ဆပ်ရသည်။

၄။ မာလင်စီမံကိန်းမှ ကိုယ်ဝန်ဆောင်နှင့် (၅) နှစ်အောက်ကလေးငယ်များဆေးဝါး၊ ခရီးစရိတ်၊ စားစရိတ်၊ ဆေးရုံ တက်ခပုံပိုးပေးသည်။ ကျေးရွာထောက်ခံချက်နှင့် သားဖွါးဆရာမထောက်ခံချက် လိုအပ်ပြီး မီးဖွါး စရိတ် (၃၀၀၀၀) ကျပ်ပံ့ပိုးပေးသည်။

၅။ ဆေးတခါကုလျှင် (၁၅၀၀ မှ ၂၀၀၀) ကျပ်ကုန်ကျသည်။ အစိုးရ သားဖွါးဆရာမမှာ တပါတ် တကြိမ်၊ နေ့ချင်းပြန် လာရောက်လေ့ရှိသည်။ လိုအပ်ပါက တယ်လီဖုန်းဖြင့် ဆက်ခေါ်ရသည်။ ကျန်းမာရေးမှူးမှာ ကျေးရွာတွင် မနေပါ။

၆။ ကျေးရွာတွင် အရပ်လက်သည် (၁) ဦးရှိပြီး စေတနာအရ ကူညီဆောင်ရွက်ပေးသည်။ အစိုးရ သင်တန်းဆင်း အရံသားဖွါးရှိသော်လည်း အလုပ်မရှိသောကြောင့် ကောက်စိုက်သည်။

၇။ ကိုယ်ဝန်ဆောင်များမှာ သားပျက်သားလျှောဖြစ်တတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ဆင်းရဲသောကြောင့် ကိုယ်ဝန်နုစဉ် အလုပ်ကြမ်းနှင့် အလေးအပင် အလုပ်လုပ်ရသောကြောင့် ဖြစ်သည်။

၈။ လွိုင်ကော်တွင် ဆေးရုံတက်ပါက ဆေးခန်းခ (၄၀၀၀ မှ ၇၀၀၀) ကျပ်အထိရှိတတ်သည်။ သုံးဘီးခ (၂၀၀၀) ကျပ်၊ ကျန်းမာရေးစရိတ် ပျမ်းမျှ တလလျှင် (၁၀၀၀၀) ကျပ်ခန့်ကုန်ကျသည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၃၅	ကောင်း		Â	Â	
အဝီစိတွင်း	၈	ကောင်း		Â	Â	
အဝီစိတွင်း၊ စက်တွင်းကန်						
မြစ်/ချောင်း	၁၈၀	ဆိုး	Â	Â	Â	
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။သောက်ရေ၊ သုံးရေး၊ ချိုးရေး အတွက် ရေတွင်း (၃၅)တွင်း၊ အဝီစိတွင်း (၈) တွင်းရှိသော်လည်း နွေရာသီတွင် ရေတွင်းများ ရေခမ်းသဖြင့် တစ်ရွာလုံး အတွက် ရေလုံလောက်မှု မရှိသေးပါ။

၂။ နွေရာသီတွင် ရေတွင်းများ ရေခမ်းလေ့ ရှိသည်။ ဘုန်းကြီးကျောင်း စုပေါင်းရေကန်မှ သုံးစွဲကြရသည်။

၃။ အိမ်တိုင်းနီးပါး ဘီလူးချောင်းရေကို ချိုးရေ နှင့် သုံးရေအဖြစ် သုံးကြသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ ကျင်းအိမ်သာ တောထိုင်	၁၇၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြသည်။ အိမ်ထောင်စုပေါင်း (၁၈၀) တွင် အိမ်ထောင် (၁၇၁) သည် ယင်လုံအိမ်သာကို သုံးစွဲကြသည်။ အချို့မှာ ၂ အိမ် စုစုပေါင်း အသုံးပြုကြသည်။

၂။ ကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် လုံလောက်သော အသုံးအဆောင်မရှိပါ။

၃။ ရွာတွင်းသန့်ရှင်းရေးကို တနှစ် (၂) ကြိမ် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်လုပ်လေ့ရှိသည်။ ကျန်းမာရေး ကော်မတီ မရှိ။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၁၊ ၃။	ဆိုး။			Â	
ချဉ်းကပ်လမ်း	၃	သင့်။	၂၀၁၄		Â	၅ ကီလိုမီတာ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။

၁။ ရွာတွင်းအဝင်လမ်းကို ကျောက်ချောလမ်း ပြုပြင်ပြီးသော်လည်း ရွာအတွင် ပေ (၂၅၀၀) ခန့် ပြုပြင်ရန်လိုအပ်ပြီး မိုးတွင်းအခါ သွားလာမှု ခက်ခဲသည်။

လမ်းတံတား အမျိုးအစား	**အရွယ်အစား**	**ကောင်း/ဆိုး**	**တည်ဆောက် ခဲ့သောနှစ်**	**အသုံးပြုနိုင်သည့်ရာသီ**	
				ပွင့်လင်းရာသီ	**တစ်နှစ်လုံး**
ဆိပ်ခံတံတား					
တံတား	၁၅ ပေအကျယ်၊ ၁၀ အရှည်။ (၃) စင်း	ကောင်း	၂၀၁၄		Â
ကြိုးတံတား					
ရေပြွန်					

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လက်ရှိတံတား ၃ စင်းလုံး ကျေးလက်ဖွံ့ဖြိုးရေးမှ ကျေးရွာချဉ်းကပ်လမ်းနှင့် ၂၀၁၄ ခုနှစ်တွင် အတူတည် ဆောက် ပေးခဲ့ပါသည်။

၂.၈.၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	**အကွာအဝေး (ကီလိုမီတာ)**	**ယာဉ် အမျိုးအစား**	**ရာသီအလိုက်သုံးစွဲနိုင်မှု**	
			ပွင့်လင်းရာသီ	**တစ်နှစ်ပါတ်လုံး**
မြစ်ကြောင်း	၆၀၀ ပေခန့်	လှေငယ်		Â
ပင်လယ်ရေကြောင်း	–	–	–	–

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁ “ လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်

၁။ မြစ်ကြောင်းလမ်းဆိုသည်မှာ ဘီလူးချောင်း ဟိုဖက်ကမ်းနှင့် ဒီဖက်ကမ်း ဖြတ်သန်း သွားလာခြင်းကို ဆိုလိုပါသည်။ ရွာသူ/သားများအနေဖြင့် ဘီလူးချောင်းကို မိုးစပါးစိုက်ပျိုးခြင်း၊ ဆောင်းသီးနှံ စိုက်ပျိုးခြင်း၊ စိုက်ပျိုး သီးနှံ ထွက်ကုန်များ သယ်ယူခြင်းနှင့် နာရေးကိစ္စများအတွက် တနှစ်ပါတ်လုံး ဖြတ်ကူးကြရပါသည်။

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေငယ်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ဘတ်စ်ကား	ထော်လာကျီ
အရေအတွက်		၂၃	၄၄	၁၇၃	၂၀	၁	၁၄

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆိုင်ကယ် (၁၇၃) စီးမှာကိုယ်ပိုင်များဖြစ်သည်။ ထော်လာကျီ (၁၄) စီးနှင့် ဘတ်စ်ကား (၁) စီး၊ မြင်းလှည်း ၁ စီး၊ သုံးဘီးဆိုင်ကယ် ၂၀ စီးနှင့် လှေငယ် ၂၃ စီးမှာ သီးနှံများသယ်ယူရန်အတွက် အဓိက လုပ်ကိုင်ကြပြီး ကိုယ်ပိုင်ယာဉ် များဖြစ်သည်။

၂။ မုံပြာကျေးရွာသည် လွိုင်ကော်သို့ ဟင်းသီး/ရွက် အများဆုံးစိုက်ပျိုးတင်ပို့သည့်ရွာဖြစ်ပြီး သုံးဘီးဆိုင်ကယ် နှင့် ထော်လာကျီကို ကုန်စိမ်းသယ်ယူပို့ဆောင်ရာတွင် အများဆုံးအသုံးပြုကြသည်။

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း ဆိုလာစနစ်	၁၆၁ ၅	ကောင်း။ သင့်။	မရှိ။ မီးထွန်းရုံသက်သက်သာ အသုံးပြု နိုင် သည်။
အသေးစားရေအားလျှပ်စစ် ဒီဇယ်သုံးအင်ဂျင် လေစွမ်းအင် ဇီဝလောင်စာ (ဖယောင်းတိုင်)	၁၄	ညံ့။	ကုန်ကျမှု များသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ကျေးရွာတွင် လျှပ်စစ်မီးကို (၂၀၁၄) ခုနှစ်မှ စတင် ရရှိခဲ့ပြီး (၁၆၁) အိမ်မှ မီတာတပ်ဆင် အသုံးပြုလျက် ရှိ ကြသည်။

၂။ (၅) အိမ်မှာ ဆိုလာအသုံးပြလက်ရှိပြီး (၁၄) အိမ်မှာ အင်ဂျင်မီးကို အသုံးပြုလျက်ရှိသည်။

၂.၁၀ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေအတွက်	၁၈၆	၂၂	၁၅၉			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၈၆) လုံး၊ ရေဒီယို (၂၂) လုံး၊ ရုပ်မြင်သံကြား (၁၅၉) လုံးရှိသည်။

၂။ လက်ကိုင်ဖုန်း နှင့်ချိတ်ဆက်သော အင်တာနက်စနစ်ကို လူငယ် (၉၀) ခန့်က ကောင်းမွန်စွာ အသုံးပြုနိုင်ကြပါ သည်။

၂.၁၁ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	ဗီဒီယိုရုံ၊ရုပ်ရှင်ရုံသီးခြားမရှိသော်လည်းအိမ်တိုင်း နီးပါး တီဗီရှိ ကြသည်။ နွေရာသီ ကယားနှစ်သစ် ကူးပွဲတွင် ရိုးရာအဆို၊ အက များဖြင့်ဖျော်ဖြေခြင်း။ ဒုတိယဆု၊ တတိယဆု ရခဲ့ဘူးသည်။ သင်္ကြန်တွင် လူငယ်များ အကများဖြင့် ကလေ့ရှိကြသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးကဏ္ဍအတွက် အမာခံအင်အား အဖြစ် တက်ကြွစွာဆောင်ရွက်ခြင်း

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဓမ္မဂုဏ်ရည်စုဗူးအဖွဲ့ရှိပြီးငင်းအဖွဲ့ကို ကျောင်းထိုင်ဆရာတော်မှ ဦးဆောင်ပြီး ၂.၆.၂၀၁၃ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ ဝင် (၃၀) ဦးရှိပြီး ကော်မတီကို (၇) ဦးဖြင့် ဖွဲ့စည်းထားသည်။ တလတကြိမ် အစည်းအဝေး ကျင်းပပြုလုပ်ပြီး စေတနာ အ လျောက် လစဉ် တလ ၅၀၀/ ကျပ်နှုံး ငွေစုပြီး ဆင်းရဲသော ကလေး ငယ်များ ကျန်းမာရေး ထောက်ပံ့ပေးသည်။ ၎င်းအဖွဲ့သည် ဝါတွင်း (၃) လအတွင်း အမျိုးသားများမှ အလှူခံခြင်း၊ အမျိုးသမီး များမှ ဥပုပ်နေ့တိုင်း ဘုရားရှိခိုး၊ ဆွမ်းတော်ပွဲပြင်၊ တနင်္ဂနွေနေ့တိုင်း နံနက် ရ:၃၀ မှ နေ့ ၁၂:၀၀ နာရီထိ အကုန်အ ကျခံ၊ ဧည့်ခံကျွေးမွေးပြုလုပ် ကြသည်။ လပြည့်လကွယ်နေ့များတွင် ဘုန်းကြီးကျောင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်း ရေးအနေဖြင့် ပလပ်စတစ်ကောက်ခြင်းတို့ကို ပြုလုပ် ကြသည်။
အားကစားပစ္စည်းများအား လက်လှမ်းမှီမှု	မရှိ	စာသင်ကျောင်းဝိုင်းအတွင်း ဘောလုံးကွင်းရှိပြီး လူငယ်များ ညနေတိုင်း ဘောလုံးကန်ခြင်း၊ ခြင်းလုံးခတ် ခြင်း၊ ပိုက်ကျော်ခြင်း ကစားခြင်းတို့ ရှိသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာဖွံ့ဖြိုးရေးနှင့် အဖွဲ့အစည်းများတွင် စေတနာဝန် ထမ်းအဖြစ် တက်ကြွစွာ ပါဝင်ကြသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	အင်းသားရိုးရာအကများ ကလေ့ရှိကြသည်။ ကယားပြည်နယ်နေ့တွင် အကပြိုင်လေ့ ရှိပြီး တတိယဆုနှင့် နှစ်သိမ့်ဆုများ ရဖူးသည်။ လေ့လော့်ပြိုင်ပွဲတွင် ပထမဆု ရဖူးသည်။
စာကြည့်တိုက်၊အင်တာနက်စသည် များအားလက်လှမ်းမှီမှု	ရှိ	ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ် ပြည့်စုံ လုံလောက်မှု မရှိသေး။ လူငယ်အချို့ ဖုန်းအင်တာနက်ကို အသုံးပြု ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာအတွင်းရှိလူငယ်များမှာကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ပါဝင်ကြသည်။

၂။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။

၃။ ရိုးရာယဉ်ကျေးမှု ကို ထိန်းသိမ်းသည့်အနေဖြင့် ယဉ်ကျေးမှု ထိန်သိမ်းမှုအားနည်းနေသည်။

၄။ အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရမှုများရှိသည်။ ကျေးရွာစုပေါင်းအားကစားကွင်းမှာ မြေနိမ့်နေသောကြောင့် ရေဝပ်သဖြင့် မိုးရာသီတွင်း ကစားရန် အခက်အခဲရှိသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	စီဒီအမ်အေ၊ အော်ရီဒူး၊ တယ်လီနော ဖုန်းများကို အသုံးပြုကြသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိပါ	မည်သည့်အာမခံလုပ်ငန်းမျှ လက်လှမ်းမီမှုမရှိချေ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိပါ	သဘာဝဘေးအန္တရာယ်လျော့ချခြင်း အစီအစဉ်များ မရှိချေ။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ရဲစခန်း မှ ၃ မိုင်ခန့် အကွာအဝေး လွိုက်ကော်တွင် အလွယ်တကူ ဆက်သွယ်နိုင်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင်ဆက်သွယ်ရေး (ဖုန်းလိုင်း) ကောင်းမွန်ပါသည်။ (Telenor, Ooredoo ဖုန်းလိုင်းများ ကောင်းမွန်ပါသည်)။

၂။ လွိုင်ကော်ရဲစခန်းနှင့် ချိတ်ဆက်မှုရှိသည်။ အသက်အာမခံထားရန် ရွာသူ/သားများ စိတ်ဝင်စားမှုမရှိပါ။ မီးသတ်အဖွဲ့လည်း ရှိသည်။

၃။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများလည်း မထားကြပါ။ အရေးကြီးကြောင်းလည်း သတိမမူမိ ကြပါ။

၂.၁၂.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၄–၁၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ ကျေးရွာလူထုအနေဖြင့် ရိုးရာဓလေ့စရိုက်များကို လေးစား လိုက်နာခြင်း၊ ပြင်ပနှင့်အဝင်/အထွက်နည်းပါးခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းကြောင့် မူခင်းဖြစ်ပွါးမှု မရှိကြ ပါ ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မှုံပြာကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့် နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည်စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက် စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည် အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ် ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်း အမြစ်	
• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်းလက်တွဲ ဆောင်ရွက် လေ့ရှိခြင်း။ • ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထား ရှိခြင်း	• ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၂၄၁) ဦး နှင့် မ (၂၅၅) ဦး၊ စုစုပေါင်း (၄၉၆) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၇.၈) % ရှိပါသည်။ လက် ရှိ အထက်တန်းပညာတက်ရောက် သင်ကြားနေသူ(၃၉) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၂) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၄) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ် ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ • လူငယ်များအား ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူအရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေး

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	ကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ် ကာလအတွက် အားရဖွယ်ရာပင် ဖြစ် သည်။ • ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ပေါင်း ၁၃ ဖွဲ့ရှိပြီး စိတ်အားထက်သန်မှုရှိသည်။
သီးနှံ ထုတ်လုပ် ရေး	
• သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ	• ကျေးရွာစိုက်ပျိုးမြေများသည် မြေဆီဩဇာ အသင့်အတင့် ကောင်း မွန်သော မြေများဖြစ်သည်။ မြေဆီလွှာ ထိန်းသိမ်းနိုင်ပါက သီးနှံ အထွက်နှုန်း တိုးတက် လာနိုင်သည်။ • ဘီလူချောင်းရေ တန္နစ်ပါတ်လုံး အလုံအလောက်ရှိသည်။ လယ်များ ဘီလူချောင်းနှင့် ကပ်လျက်တည်ရှိသည်။ ရေတင်ရန်ကျေးရွာတွင် လျှပ်စစ်မီး လက်လှမ်းမီ သည်။ • လွိုင်ကော်နှင့်နီးပြီး စိုက်ပျိုးရေးဆေးဝါး၊ မြေဩဇာ၊ လယ်ယာသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချခြင်းများ ရှိသည်။ • ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းပြီး မြို့နှင့်နီးသည်။ အချိန်မရွေးသွားလာနိုင်သည်။ ယာဉ် မျိုးစုံ သွားလာနိုင်သည်။ • မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ အခြားဖွံ့ဖြိုးရေး အဖွဲ့များမှ နည်းပညာများ ပံ့ပိုးပေးသည်။ • နှစ်ရှည်ပင်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတု သင့်တော်သည်။ ဈေးကွက် ကောင်းသည်။
တိရိစ္ဆာန် မွေးမြူရေး	
• မွေးမြူရေးတိုးတက်ထုတ်လုပ်ရန် အခြေအနေကောင်းများ	• တိရိစ္ဆာန် မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုး ရေး စွန့်ပစ် အစာ အလုံအလောက် ရရှိနိုင်ခြင်း။ • တိမွေးကုမ္ပ ဝန်ဆောင်မှု အလွယ်တကူရရှိနိုင်။ • ခိုင်းနွား၊ နွားသားပေါက်၊ ဝက်၊ ကြက် ဈေးကွက် ကောင်းသည်။ • ဥစားကြက်၊ အသားစားကြက်မွေးမြူရန် လျှပ်စစ် မီး၊ ရေ၊ မြေ အလုံအလောက်ရှိသည်။ စမ်းသပ်မွေး မြူရန် စိတ်ဝင်စားကြသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရ လုပ် ငန်းများ	
• ဝင်ငွေတိုး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ	• စိုက်ပျိုးရေးအတွက် ချေးငွေရှိသော်လည်း ဆင်းရဲ တောင်သူနှင့် မြေယာမဲ့များအတွက် အတိုးနှုန်းသက်သာသော ချေးငွေမရှိပါ။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
တိုးတက်စေသော အခြေအနေကောင်းများ	• အရင်းအနှီးရှိပါက လက်ရှိကျွမ်းကျင်သော ပန်းရံလုပ်ငန်း၊ လက်သမား လုပ်ငန်း၊ အိမ်ဈေးဆိုင်လုပ်ငန်း၊ ပန်း ဘဲလုပ်ငန်းများ တိုးတက်လာနိုင် သည်။ • လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာ ကျွမ်းကျင်မှု နည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းသည်။
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု တိုးတက်စေသော အခြေအနေကောင်းများ	• ကျေးရွာတွင် စပါးစိုက်ပျိုးသည့်တောင်သူများအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာရံပုံငွေမှ ချေးငွေအနည်းငယ် ရရှိ၍ အရင်းအနှီး အခက်အခဲကို အတန်အသင့် ပြေလည် စေပါသည်။
ပညာရေး • ပညာရေးဖွံ့ဖြိုးတိုးတက်စေသော အခြေအနေကောင်းများ	• ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိသည်။ ဆရာအင်အား အပြည့်အစုံရှိ သည်။ • အောင်ချက်ကောင်းမွန်ခြင်း၊ မိဘဆရာပူးပေါင်း ဆောင်ရွက်မှု ကောင်းမွန်ခြင်း၊ ကျောင်းအသုံးအဆောင် အသင့်အတင့်ပြည့်စုံ ကောင်းမွန်ခြင်း၊ လွိုင်ကော်နှင့်နီးခြင်းတို့ကြောင့် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်ရန်၊ ကျေးရွာပညာရေးတိုးတက်ရန် အလားအလာရှိသည်။
ကျန်းမာ ရေး • ကျန်းမာရေးတိုးတက်စေသော အခြေအနေ ကောင်းများ	• ကျေးရွာတွင် ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ် ထားပြီး ဖြစ်သည်။ လျှပ်စစ်မီးလည်းရရှိပြီး ဖြစ်သည်။ • ကျန်းမာရေးမှူး ၁ ဦး၊ သားဖွားဆရာမ ၁ ဦးနှင့် အရပ်လည်သည် ၁ ဦး ရှိ သည်။ • ကျန်းမာရေး အရေးပေါ်ဖြစ်ပါက လွိုင်ကော်နှင့်နီးပြီး ဆေးရုံသို့ အလွယ်တကူ သွားရောက်နိုင်သည်။ • မာလင်၊ ဝေါလ်ဗွီးရှင်း၊ ဆေဗ်သ်ချဲလ်ဒရင်း၊ မိခင်နှင့် ကလေး စသည်အဖွဲ့များ ၏ အကူအညီများကို ရရှိသည်။ • အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြသည်။
ရေ အရင်းအ မြစ် • သောက်ရေရရှိနိုင်သော အခြေအနေကောင်း များ	• သောက်ရေအတွက် ရေတွင်း (၃၅) တွင်း၊ အဝီစိတွင်း (၈) တွင်း ရှိသည်။ သုံးရေနှင့် ချိုးရေကို ဘီလူးချောင်းမှ အသုံးပြုကြသည်။ • လက်ရှိရေတွင်းနှင့် အဝီစိတွင်းများမှာ နွေရာသီတွင် ရေခမ်းခြောက်သဖြင့် လုံလောက်မှု မရှိပါ။ အကယ်၍ အဝီစိတွင်းကို နက်နက်တူး၍ လျှပ်စစ်ဖြင့် ရေတင်နိုင်ပါက သောက်ရေလုံလောက်မည်။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လမ်း၊ တံတား	
• ကျေးရွာလမ်း၊တံတားများတိုး တက်ကောင်း မွန်စေသော အခြေ အနေကောင်းများ	• ကျေးရွာမှ လွိုင်ကော်သို့ ချဉ်းကပ်လမ်းကို ၂၀၁၄ ခုနှစ်တွင် ကျေးလက်ဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် လမ်းနှင့် တံတား ၃ စင်းကို ပြုပြင်ပြီးဖြစ် သည်။ • အကယ်၍ ဘီလူးချောင်းမြစ်ကူးတံတားကို တည်ဆောက်နိုင်ပါက ကုန်ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာမည်။
လူငယ် နှင့် ယဉ်ကျေးမှု	
• လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ သော အခြေ အနေကောင်းများ	• အားကစားတွင် လေ့လာလိုက်စားမှု အားကောင်းပြီး ဆုရရှိကြ သည်။ ရိုးရာ အဆိုအကပြိုင်ပွဲများတွင်လည်း ဆုရရှိဘူးကြသည်။ ယဉ်ကျေးမှုထိန်းသိမ်းမှုကောင်းသည်။ • ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။ • လူငယ်များစည်းလုံးမှုရှိသည်။ ဓမ္မစုဗူးအဖွဲ့ကို ဖွဲ့စည်းထားပြီး ပုံမှန် အစည်းအဝေးကျင်ပခြင်း၊ လပြည့်လကွယ် ဘုန်းကြီးကျောင်း သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းမှုအဖြစ် ပလပ်စတစ်ကောက်ခြင်း စသည်တို့ ပြုလုပ်လေ့ ရှိသည်။ • တယ်လီဖုန်းအင်တာနက် အသုံးပြုကြသည်။ စာကြည့်တိုက်ရှိပြီး စာဖတ်လေ့ ရှိသည်။
လျပ်စစ်မီးအခြေအနေ	
• လျပ်စစ်မီးလင်းရေး အခြေအနေ ကောင်းများ	• ၂၀၁၄ ခုနှစ်မှ စတင် လျပ်စစ်မီး ရရှိခဲ့ပြီး ယခုအခါ ၁၆၁ အိမ်မှ လျပ်စစ်မီး တပ်ဆင်အသုံးပြုနေကြပြီ ဖြစ်ပါသည်။
ကျေးရွာတည်နေရာ အချက်အချာ ကောင်းမွန်ခြင်း	
• ကျေးရွာ၏ တည်နေရာကောင်းမွန်မှုနှင့် ပါတ်သက်၍ အခြေအနေ ကောင်းများ	• ကျေးရွာ၏ တည်နေရာသည် မြို့တော်လွိုင်ကော်နှင့် နီးပြီး အချိန်မရွေး၊ ရာသီမရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး၊ ဈေးကွက်အားလုံး ကောင်းမွန်သည်။ လုပ်ကိုင်စား သောက်ရန် လယ်၊ အိမ်ခြံဝင်စိုက် ခင်း၊ ယာမြေများ နှင့် ဘီလူးချောင်းရေရှိသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u>	
ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်းများ နှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်စေသော အခြေအနေကောင်းများ	• ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့် အစီအစဉ် မရှိခဲ့ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားများအား သိကျွမ်းမှု အားနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုအားနည်းပြီး ဦးဆောင်မည့် အဖွဲ့အစည်းမရှိသေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။
<u>စိုက်ပျိုးရေး (သီးနှံ)</u>	
• သီးနှံထုတ်လုပ်မှုတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေ အနေများ	• လယ်မြေများမှ ဘီလူချောင်းဘေးတွင် တည်ရှိသော်လည်း ရေသွင်းစနစ်မရှိ သောကြောင့် စိုက်ပျိုးရေ အလုံအလောက်မရရှိပါ။ မိုးရေးနှင့် ရေစုပ်စက်များကိုသာ အားကိုးနေရသဖြင့် အချိန်မီစိုက်ပျိုးနိုင်ခြင်း မရှိ။ ရေမလုံလောက်။ စရိတ်ကုန်ကျမှုများသည်။ • ဟင်းသီး/ရွက်များကို စီးပွါးဖြစ်စိုက်ပျိုးကြပြီး လွိုင်ကော်၊ မိုးဗြဲ၊ ဒီမောဆိုးသို့ သွားရောက် ရောင်းချကြသော်လည်း စိုက်ပျိုးရေ လုံလောက်မှုမရှိ။ • လယ်သမားများအတွက် သင့်တော်သော အတိုးနှုန်းနှင့် ချေးငွေကို အလုံအလောက်နှင့် အချိန်မီ ရရှိနိုင်မည့် စနစ်နှင့်နေရာမရှိခြင်း။ • ဟင်းသီး/ရွက်ကို လယ်ရိတ်သိမ်းပြီးချိန်တွင် သီးထပ် အဖြစ် စိုက်ပျိုးခြင်းနှင့် အိမ်ခြံဝန်းများတွင် တနှစ်ပါတ်လုံး အဓိက အသက် မွေးဝမ်းကျောင်းနှင့် ဝင်ငွေရလုပ်ငန်းအဖြစ် စိုက်ပျိုးလေ့ရှိသော်လည်း လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိ။ • သီးနှံ အထွက်နှုန်းနည်းသောကြောင့် ဝမ်းစာဖူလုံမှု မရှိ ကြပါ။ • အရင်းအနှီးနှင့် နည်းပညာနည်းပါး။ • မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းမသိ။ • ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျ သုံး စွဲ နည်း စနစ်မကျ။ • ပုံမှန်သွားလာသည့် ယာဉ်မရှိ။ လက်ရှိသယ်ယူပို့ဆောင်သည့် သုံးဘီးဆိုင်ကယ်ယာဉ် လုံလောက်မှုမရှိ။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>မွေးမြူရေး</u>	
• မွေးမြူရေးတိုးတက်မှုကို အဟန့်အ တား ဖြစ်စေသော အခြေ အနေများ	• လယ်သမားများအတွက် သင့်တော်သော အတိုး နှုန်းနှင့် ချေးငွေကို အလုံအလောက်နှင့် အချိန်မီ ရရှိနိုင်မည့် စနစ်နှင့်နေရာမရှိခြင်း။ • နှစ်စဉ် ရာသီအလိုက် ရောဂါကျရောက် ဆုံးရှုံးမှုများစွာ ရှိသည်။ ထိရောက်စွာ ကာကွယ်ကုသနိုင်ခြင်းမရှိ။ မွေးမြူရေးနည်းစနစ်များ နှင့် အလှမ်းဝေးခြင်း။ • အသားစားကြက်၊ဥစားကြက်များကို စီးပွားဖြစ်မွေးမြူရန် စိတ်ဝင်စား သော်လည်း အတွေ့အကြုံ နှင့် နည်းပညာမသိ။ • ယခင်ကျေးရွာပိုင်မြေများကို အစိုးရ၌ါနပေါင်းစုံ ငါးမွေးမြူရေး လုပ်ခဲ့ကြသော်လည်း အောင်မြင်မှုမရှိဘဲ ယခုအခါ စွန့်ပစ်ထားသဖြင့် ရွာသူ/သားများမှ ၎င်းနေရာတွင် ငါးမွေးရန် စိတ်ဝင်စားမှုရှိသည်။
<u>အခြားစီးပွားရေးလုပ်ငန်းများ</u>	
• ဝင်ငွေတိုးအသက်မွေးလုပ်ငန်း များတိုး တက်မှုကို အဟန့်အတား ဖြစ်စေသော အ ခြေအနေများ	• တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်မှု အားနည်းခြင်း။ • ပြင်ပနှင့် အဆက်အသွယ် နည်းပါးခြင်း။ • စိုက်ပျိုးရေးထွက်ကုန် အခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင် မှု လုပ်ငန်းများ ဖွံ့ဖြိုးမှု မရှိခြင်း။ • ပုံမှန်သွားလာသည့် လူထုသယ်ယူပို့ဆောင်ရေး ယာဉ်မရှိခြင်း။ • ဆင်းရဲသားများအတွက် ငွေချေးစနစ်မရှိခြင်း။ ချေးငွေ လက်လှမ်း မမီခြင်း၊ အတိုးနှုန်းမြင့်မားခြင်း • အသက်မွေးဝမ်းလုပ်ငန်းများတွင် ကျွမ်းကျင်မှု နည်းခြင်း၊ အဆက် အသွယ်နှင့် အခွင့်အလမ်း နည်းပါးခြင်း
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ	• ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ များကိုရယူ နိုင်သော်လည်း ကာလတိုချေးငွေများဖြစ်ခြင်း၊ စပါးအပြင် အခြားသီးနှံ များနှင့် အခြား အသက်မွေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှု အစီအစဉ်မှာလည်း နိုင်ငံ၏မူဝါဒများအရ ချေးငွေကို ခံစားခွင့်ရရှိ နိုင်ခြင်းမရှိသဖြင့် ဤကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်သော တောင်သူများ၊ မွေးမြူရေးလုပ်သူများ၊ မြေယာမဲ့ ကျပန်းများ၏ ဝင်ငွေတိုးလုပ်ငန်းများ အနေဖြင့် လုံလောက်သော ချေးငွေကို လက်လှမ်းမှီရန် အခက်အခဲ ရှိနေဦးမည် ဖြစ်ပါသည်။
<u>ပညာရေး</u>	
• ပညာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော	• အလယ်တန်း(၇ တန်းနှင့် ၈ တန်း) နှင့် အထက်တန်း၊ တက္ကသိုလ်ကို လွှိုင်ကော်သို့ သွားရောက်ပညာသင်ရန် အခက်အခဲရှိသဖြင့် မူလတန်း

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
အခြေအနေ များ	ပြီး ဆုံးပါ က ဆက်လက်ပညာ သင်ကြားလေ့ မရှိကြပါ။ • မိဘများမှ ဆင်းရဲသောကြောင့် အလယ်တန်းနှင့် အထက်တန်းသို့ ကျောင်း ဆက် မထားနိုင်ကြပါ။ • ရွာသူ/သားများအနေဖြင့်ဆင်းရဲသောကြောင့် ကျောင်းအသစ်ဆောက် လုပ်နိုင်ခြင်းမရှိကြပါ။ • ပရိဘောဂ၊ စာသင်ခုံ၊ ကျောင်းသုံးအိမ်သာနှင့် သောက်ရေတွင်း တူး ဖေါ်ရန်အတွက်လည်း ပညာရေး ရံပုံငွေ မရှိ။ • ရွာသူ/သားများအနေဖြင့် စာသင်ကျောင်း ခြံစည်းရိုး လုံခြုံမှုမရှိ သော်လည်း ပြုပြင်နိုင်ခြင်းမရှိကြပါ။
<u>ကျန်းမာရေး</u> • ကျန်းမာရေတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တာဝန်ကျကျေးရွာတွင် မနေချင်ကြပါ။ဝန်ဆောင်မှုကိုလည်း မပေးနိုင်ကြပါ။ • နွေရာသီတွင် သောက်ရေလုံလောက်မှု မရှိ။ • ယင်လုံအိမ်သာလုံလောက်မှုမရှိ။ • ဆေးခန်းသုံးပစ္စည်းနှင့် ပရိဘော လုံလောက်မှု မရှိပါ။
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u> • လူငယ်များဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်နေသော အခြေအနေများ	• တီဗီ၊ ဗွီဒီယို ရှိသော်လည်း စကိုင်းနက် စသည်သတင်းမီဒီယာ ကြည့်ရန် မရှိ။ • လူငယ်များ အထူးသဖြင့်အမျိုးသမီးငယ်များ၏ အားကစားအလေ့ အကျင့် မရှိ။ ပအိုဝ်ယဉ်ကျေးမှုကို ထိန်းသိမ်းကြသော်လည်း စာအုပ်၊ စာပေပြည့်စုံ မှုမရှိ။ လေ့လာသင်ယူရန် အခက်အခဲရှိ။ • စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှုမရှိ။ အချို့ တယ်လီဖုန်း ရှိသော်လည်း အင်တာနက် အသုံးပြုရန် ကျွမ်းကျင်မှု အားနည်းသည်။ • အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာကျွမ်းကျင်မှု အားနည်းခြင်း၊ အဆက်အသွယ်မရှိခြင်းကြောင့် လူငယ်များအနေဖြင့် သင့်တော်သော အလုပ် အကိုင် ရရှိရန် အခွင့် အလမ်းနည်းပါးသည်။
<u>ကျေးရွာအတွင်းရှိအခြေခံ အဆောက်အဦးများ</u> • ကျေးရွာ အခြေခံအဆောက်အဦး များတိုးတက်မှုကို	• ကျေးရွာအတွင်းလမ်း ကျောက်ချောလမ်းခင်းနေသော်လည်း ပြီးစီး အောင် ဆောင်ရွက်နိုင်ခြင်း မရှိ။ • လယ်များမှာ ဘီလူချောင်းတဖက်ကမ်းတွင် တည်ရှိပြီး လယ်ယာ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
အဟန့်အတား ဖြစ်နေသော အခြေအနေများ။	စိုက်ပျိုးရေး ထွက်ကုန်များ သယ်ယူရာတွင် တံတားမရှိသောကြောင့် အဆင့်ဆင့်သယ်ယူရာတွင် ကုန်ကျမှုနှင့် အလေအလွင့် များခြင်း
<u>လျှပ်စစ်မောတ်အားသုံးစွဲ ရေး</u>	
• ကျေးရွာတွင် လျှပ်စစ်မီးလင်းရေး နှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်နေသော အခြေအနေများ။	• အချို့ ၁၉ အိမ်များမှာ ဆင်းရဲသောကြောင့် လျှပ်စစ်မီး တပ်ဆင်နိုင်ခြင်းမရှိ။ လက်လှမ်းမီနိုင်ခြင်း မရှိ သေးပါ။

မှုပြာကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **စီမံအုပ်ချုပ်မှု**					
• ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စများ အကောင်အထည်ဖော်ခြင်းနှင့်ဆုံးဖြတ်ချက်ချရာတွင် လူထု၏ ပူးပေါင်း ပါဝင်မှု အားနည်းသည်။ • လူထုအားလုံးနှင့်ဆိုင်သော လက်ရှိလူထုအဖွဲ့အစည်းများကြားစေးကပ်မှုနှင့် အပြန်အလှန် ဆက်သွယ်မှု အားနည်းသည်။	• လူမှုရေးနှင့် လူထုကိစ္စများတွင် ဒီမိုကရက်တစ်အလေ့အကျင့်များ အတွေ့အကြုံ မရှိသေးခြင်း။ • ကျေးရွာဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များတွင်လည်း အတွေ့အကြုံ မရှိသေးခြင်း။ • ကျေးရွာတခုလုံးခြုံငုံသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးဆောင်မည့် အဖွဲ့အစည်း မရှိခြင်း။	• နိုင်ငံတော်အစိုးရ အစီအစဉ်၊ NGOများ၏ ဖွံ့ဖြိုး ရေး အစီအစဉ်တို့ကြောင့် ကျေးရွာလူထုတွင် အစုအဖွဲ့စနစ်၊ စုဝေးတိုင်ပင်သည့် အလေ့အကျင့်များရှိနေခြင်း။	• ကျေးရွာရှိအဖွဲ့အစည်းများ ဖွံ့ဖြိုးရေး အတွက် စဉ်ဆက်မပြတ် အကူအညီ ပေးရေးစနစ်မရှိသေးခြင်း	• လက်တွေ့လုပ်ငန်းခွင်သင်တန်းများမှတဆင့်ကျေးရွာအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု စွမ်းရည်အလေ့အကျင့်များနှင့် ဗဟုသုတများအတွက် နည်းပညာ အကူအညီများ ရရန်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ • အဖွဲ့အစည်းများ ဆက်သွယ်ပြီး အမာခံအဖွဲ့အစည်းအဖြစ် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဖွဲ့စည်း တည်ထောင်ခြင်း။	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်အခြားအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှု စွမ်းရည် တည်ဆောက်ခြင်း။ • စီမံကိန်းများမှာ ○ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း။ ○ အဖွဲ့အစည်းဆိုင်ရာ နည်းစနစ်။ ○ ဒီမိုကရက်တစ်အုပ်ချုပ် မှု၊ အမြင်ကြည်လင် မှုနှင့် တာဝန်ခံမှု။

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
				• လက်ရှိကျေးရွာရှိအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲ မှုစွမ်းရည် တည် ဆောက်ခြင်း။	○ မတူခြားနားသည့် ကော်မတီများအကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် ချိတ်ဆက်ဆောက် ရွက်ခြင်း
❖ **စိုက်ပျိုးရေး**					
• စပါးစိုက်ပျိုးထုတ် လုပ်မှုနည်းပါးခြင်း	• စပါးစိုက်ကွင်းများတွင် သွင်းရေမရရှိ ခြင်း ကြောင့် လက်ရှိလယ်များ စပါးအထွက်နည်းခြင်း နှင့် လယ်ဧကအားလုံး မစိုက်ပျိုးနိုင်ခြင်း။ • ရေစုတ်ခကုန်ကျမှုများ။	• ဘီလူးချောင်းမှ တနှစ်ပါတ်လုံးရေရှိ။ • စွန့်ပစ်လယ် များစွာရှိ။ • လျှပ်စစ်ဓါတ်အားလက်လှမ်း မီခြင်း။ • လယ်များ ဘီလူးချောင်း ကမ်း ပါးဘေးတွင်ကပ် လျက်တည် ရှိ နေခြင်း။	• နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း မရရှိခြင်း။ • ရေသွင်းဆည်မြောင်း မရှိ။ • ဆည်မြောင်းဆောက်လုပ်ရန် နည်းပညာအကူအညီ ရရှိရေးအတွက် ဆက်သွယ်ရန် တုန့်ဆိုင်းနေခြင်း။	• ဆည်မြောင်းဦးစီးဌာနနှင့် လျှပ်စစ်ဌာန တို့နှင့် ညှိနှိုင်း၍ လျှပ် စစ်ဓါတ် အားသုံးမြစ်ရေတင်စီ မံကိန်း တည်ဆောက် ခြင်း။	၃. မြစ်ရေတင်စီမံကိန်း တည် ဆောက်ခြင်းလုပ်ငန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
		• အစိုးရလျှပ်စစ်မီးလက်လှမ်းမီ။ • လယ်ဟောင်းဧက ၁၀၀၀ ခန့် ပြန်လည်စိုက်ပျိုးလာနိုင်မည်။			
• စပါးစိုက်ပျိုးခြင်းမှ အကျိုးအမြတ်နည်းခြင်း။	• အချိန်မီ စိုက်ပျိုးနိုင်ရန် လုပ်သားအင်အား မလုံလောက်သဖြင့် ကောက်စိုက်ခ၊ ပျိုးနှုတ်ခ၊ ကောက်ရိတ်ခ ဈေးနှုန်းကြီးမြင့်ခြင်း။ • မြေဩဇာ၊ ပိုးသတ်ဆေး ကုန်ကျစရိတ်ကို ပြင်ပမှ အတိုးနှုန်းကြီးဖြင့် ချေးငှားရသည်။	• လယ်ကွင်းမြေအနေအထားမှာစက်ကိရိယာအသုံးပြုရန် အခြေအနေကောင်းရှိသည်။ • လယ်ယာသုံးစက်ကိရိယာ ဒေသအတွင်း အလွယ်တကူဝယ်ယူရရှိနိုင်သည်။ • တိုက်ရိုက် ဝယ်ယူရန် ကုမ္ပဏီများနှင့်ချိတ်ဆက်ခြင်း	• အရင်းအနှီးလုံလောက်မှုမရှိ။ • စက်ဝယ်ယူသုံးစွဲရန် ချေးငွေနှင့် အဆက်အသွယ် မရှိ။ • လယ်သမားများ အစုအဖွဲ့ဖြင့်ကုမ္ပဏီများနှင့် ချိတ်ဆက် ဝယ်ယူသည့် စနစ်မရှိ။	• လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်း။ • ဆင်းရဲသားတောင်သူများဘဏ် (သို့) ကုမ္ပဏီများမှ အရစ်ကျချေးငွေစနစ် ဝယ်ယူနိုင်သော အခြေအနေများ ဖန်တီးပေးခြင်း။ • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ဆင်းရဲသားတောင်သူငယ်များမှ ငှါးရမ်း	၅. လယ်သမား အစုအဖွဲ့စ နစ်ဖြင့် ချေးငွေအရင်းအနှီးလက်လှမ်းမှီရေး သွင်းအားစုများ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးဆောင်ရွက်ခြင်း။

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
				သုံးစွဲနိုင်သည့် အခြေအနေ ဖန်တီးခြင်း။ • လယ်သမားများ အစုအ ဖွဲ့ဖြင့် ကုမ္ပဏီများနှင့် ချိတ်ဆက် ဝယ်ယူသည့် စနစ် တည်ထောင်ခြင်း။	
❖ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု နည်းခြင်း။	• ဟင်းသီး/ရွက်စိုက်ခြံ များမှာ ဘီလူးချောင်း ဘေးတွင်ကပ်လျက် တည်ရှိသော်လည်း စိုက်ပျိုးရေ လုံလောက် မှုမရှိ။ • ဟင်းသီး/ရွက်စိုက်ခင်း များ ဓါတုဓါတ်မြေဩဇာများကို အလွန်အကျွံ သုံးစွဲခြင်းကြောင့် မြေကြီး မြေသား ဖွဲ့စည်းမှု မကောင်း၊	• ဘီလူးချောင်းတွင် တန္ခစ် ပါတ်လုံး ရေအလုံအ လောက်ရှိ။ ရေမော်တာ သုံးစွဲရန် လျပ်စစ်မီးရှိ။ ရေမော်တာ သုံးစွဲ စိုက်ပျိုးနိုင်ပါက ဟင်းသီး/ရွက် ပိုမို စိုက်ပျိုးထုတ်လုပ်လာနိုင် မည်။ ဝင်ငွေတိုးလာမည်။ • ကောက်ရိုးမြက်ခြောက်	• အရင်းအနှီး နည်းပါး။ • နည်းပညာပံ့ပိုးပေးနိုင်သော အဖွဲ့အစည်းများနှင့် အချိတ် အဆက် အားနည်းသည်။ • လက်ရှိ စိုက်ပျိုးရေး ကုမ္ပဏီ များမှ လုံလောက်သောနည်းပညာ မရ။ဆေးရောင်းအား မြှင့်တင်ရေးသင်တန်း များပေးနေသည်။	• ဟင်းသီး/ရွက် တပိုင်တနိုင် စိုက်ပျိုးရေ ရရှိနိုင်ရန်အတွက် လျှပ်စစ်ရေမော်တာ တပ်ဆင် အသုံးပြုခြင်း။ • လက်ရှိကျွမ်းကျင်မှုနှင့် သင်တန်းလိုအပ်ချက်များကို ဆန်းစစ်ဖေါ်ထုတ်ပြီး နည်းပညာပံ့ပိုးပေးနိုင်သော ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	၆. ဟင်းသီး/ရွက် တပိုင်တနိုင် စိုက်ပျိုးရေးရရှိနိုင်ရန်အတွက် လျှပ်စစ်ရေမော်တာတပ်ဆင်ခြင်း။ ၇. စိုက်ပျိုးရေးသင်တန်းများ ပံ့ပိုးပေးခြင်း။ • မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်း • ဘက်စုံပိုးမွှား ကာကွယ်နှိမ်နှင်းခြင်း သင်တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
	အစိုခါတ်မထိန်းနိုင်၊ တဖြည်းဖြည်း မြေဆီသြဇာ ခမ်းခြောက်မှုရှိ။ • မြေဩဇာ၊ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲနေကြ။ နည်းစနစ်အားနည်းသည်။	အလုံအလောက်ရှိ။ • နည်းပညာ ပံ့ပိုးပေးနေသော စိုက်ပျိုးရေး ကုမ္ပဏီများနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိသည်။			
❖ **တိရိစ္ဆာန်မွေးမြူရေး**					
• မွေးမြူရေးမှ ဂင်ငွေနည်း။ • မွေးမြူရေးဗဟုသုတနည်းပါးခြင်း။	• ဒေသကြက်၊ ဘဲနှင့် ဂက်ကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း နှစ်စဉ် ရာသီ အလိုက်ရောဂါများ ကျရောက်ပြီး ဆုံးရှုံးမှုများသည်။	• အိမ်မွေးတိရစ္ဆာန်မွေးမြူရန် အစာ၊ ရေနှင့် လျှပ်စစ် မီးရရှိ။ • ဈေးကွက်ကောင်းပြီး ဈေးကွက် အလုံအလောက် ရှိ။ • နွားနှင့် ဝက်မွေးမြူရေးကို ရင်းနှီးကျွမ်းကျင်မှု	• ရွာသူ/သားများအနေဖြင့် ဗဟုသုတ လုံလောက်မှု မရှိ။ • နွားဝက်မွေးရန် မျိုးကောင်း မျိုးသန့်နှင့် အရင်းအနှီး လုံလောက်မှု မရှိ။ • တခါတရံ အချိန်မီကုသရန် အခက်အခဲရှိသည်။	• ကျေးရွာတွင် မွေးမြူရေး လုပ်သား မွေးထုတ်ပြီး သင်တန်းများ ပံ့ပိုးပေးခြင်း။ • ကော်မတီမှ ဦးဆောင်၍ တိမွေးကုဌာနနှင့် ဆက်သွယ်ခြင်း၊ မျိုးကောင်းမျိုးသန့် မွေးမြူခြင်း။	၁၀. မွေးမြူရေး သင်တန်းများ/ မွေးမြူရေး လုပ်သား သင်တန်း ၁၁. မျိုးကောင်းမျိုးသန့် နွားနှင့် ဝက် တပိုင်တနိုင် တိုးချဲ့မွေးမြူ ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
	• နွားနှင့်ဝက် မွေးမြူရေးမှ ဝင်ငွေ ကောင်းသော်လည်း မွေးမြူရန် အရင်း အနှီးမရှိ။	ရှိပြီး ၎င်းမှဝင်ငွေ ကောင်းစွာ ရရှိနိုင် သည်။ • လိုအပ်ပါက တိမွေးကု ဦးစီးနှင့် အလွယ်တကူ ဆက်သွယ်ပြီး ကုသမှုခံ ယူနိုင်သည်။			
	• ဥစားကြက်မွေးမြူရန် စိတ်ဝင် စားသော်လည်း အတွေ့အကြုံ မရှိ။ နည်း ပညာအားနည်း သည်။	• ဈေးကွက်ကောင်းသည် • လွိုင်ကော်နှင့်နီးပြီး ဈေးကွက် အလုံ လောက်ရှိ သည်။ • ဥစားကြက်မွေးရန် လျပ်စစ် မီးရရှိသည်။	• နည်းပညာနှင့် အရင်းအနှီး လုံလောက်မှုမရှိ။	• ဥစားကြက် စံပြ မွေးမြူရေး ခြံတခု တည်ထောင် ခြင်းဖြင့် နည်းပညာပေးခြင်း။	၁၂.ဥစားကြက်စံပြ မွေးမြူခြင်း
❖ **လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းများ**					
• သယ်ယူပို့ဆောင် စရိတ် ကြီးမား။	•လယ်ယာထုတ်ကုန်တင် ပို့ ရောင်းချရန်အတွက်	• ဈေးကွက်နှင့်နီး၊လယ် ယာ ထွက်ကုန်နှင့်	• သယ်ယူပို့ဆောင်ရေး ယာဉ်၊	• စိတ်ဝင်စားသူများအတွက် သုံးဘီးယာဉ် နှင့်တွင်ခုံ	၁၃. သုံးဘီး တက္ကစီ ယာဉ် ထူထောင်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
အလွယ်တကူ နှင့် အချိန် မီသွားလာရန် အခက်အခဲရှိ သည်။ • ဆင်းရဲသားများ အလုပ်အကိုင်အခွင့် အလမ်းနှင့် ဝင်ငွေ နည်းပါးခြင်း။	ပုံ မှန်သွားလာသည့် ယာဉ်မရှိ။ သုံးဘီး ဆိုင်ကယ်များကို ၄ါးရမ်းအသုံးပြုကြရ သည်။ •တွင်ခုံလုပ်ငန်း ကျွမ်းကျင်သူ ရှိ သော်လည်း လုပ်ငန်း ထူ ထောင်နိုင်ခြင်းမရှိ။ •အသက်မွေးဝမ်းကျောင်း ပညာ ကျွမ်းကျင်မှုအား နည်း သည်။ လေ့လာသင်ယူရန် အခက်အခဲရှိ သည်။	ဟင်းသီး/ ရွက် များစွာ စိုက်ပျိုးထုတ်လုပ်မှု ရှိသည်။ • သုံးဘီး ဆိုင်ကယ် မောင်းနှင် နိုင်သူရှိ သည်။ သုံးဘီး ဆိုင် ကယ်ဖြင့် တပိုင်တနိုင် သယ်ယူပို့ဆောင်ရေး အဆင်ပြေသည်။ • တွင်ခုံလုပ်ငန်း ကျွမ်းကျင်သူရှိ။ • လျှပ်စစ်မီး လက်လှမ်းမီ။ • လူငယ်နှင့် ဆင်းရဲသား မိသားစုများအသက်မွေး ဝမ်းကျောင်းပညာများ သင်ယူရန်စိတ်ဝင်စားမှု ရှိ သည်။	လေ့လာသင်ယူရန် နှင့် တွင်ခုံလုပ်ငန်းအတွက် အရင်းအ နှီးမရှိ။	လုပ်ငန်းထူထောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း နှင့် ဝင်ငွေတိုးလာစေရန် ဖန်တီးပေးခြင်း။ • ကော်မတီမှ ဦးဆောင်၍ ကျေး လက်ဦးစီးဌာနနှင့် ဆက်သွယ် ခြင်း၊ အသက်မွေးသင်တန်း များ တက်ရောက်ရန် အခွင့် အလမ်းများ ဖန်တီးပေးခြင်း။	၁၄ တွင်ခုံလုပ်ငန်းထူထောင် ခြင်း ၂၃. မုံ၊ ဂျယ်လီ နှင့် အအေး သင် တန်း ၂၄. စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး သင်တန်း ၂၅. စက်ပြင်သင်တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
• မိုးတွင်းရိက္ခာလုံလောက်မှုမရှိခြင်း၊	• အိမ်ခြေ (၂၀) ခန့်သာ လယ်ရှိပြီး ကျန်မြေယာမဲ့ ဆင်း ရဲသားမိသားစုများ မိုးတွင်း ရိက္ခာလုံလောက် မှုမရှိ။ • မိုးများချိန်တွင်အလုပ် အကိုင်မရှိ၊ ဝင်ငွေမရှိကြပါ။	• ဒေသတွင်း ဆန်၊ စပါး အလွယ်တကူ ဝယ်ယူ ရရှိ နိုင်သည်။	• မိုးရာသီတွင် အလုပ်အ ကိုင်အခွင့်အလမ်းနည်း ပါင်ငွေ နည်းသည်။ • မိုးရာသီတွင်ဆန်ဈေး ကြီး သည်။	• သီးနှံပေါ်ချိန်တွင် ဝယ်ယူ သိုလှောင်ပြီး မိုးရာသီ တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငှားခြင်းဖြင့် ဆင်းရဲ သားများ မိုးတွင်းရိက္ခာ ပြတ် လတ်မှုကို ဖြေရှင်းနိုင် မည်။	၉. စပါးဘဏ်ထူ ထောင် ခြင်းလုပ် ငန်း
❖ **ကျန်းမာရေး**					
• ကျန်းမာရေးအသုံး အဆောင် နှင့် ဝန်ဆောင်မှုများ လုံ လောက်မှုမရှိ။	• ဆင်းရဲသား အိမ်ထောင်စု များ ယင်လုံအိမ်သာသုံးစွဲ နိုင်ခြင်း မရှိ။ နှစ်စဉ်ဝမ်းပျက်ဝမ်း လျှောရောဂါ ကျရောက် မှုရှိသည်။ • ဆေးခန်းတွင် မီးဖွါးခန်း အသုံး အဆောင်နှင့် ပရိဘောဂ လုံလောက်မှု မရှိ။	• အိမ်တိုင်း ယင်လုံ အိမ်သာ သုံးစွဲရန် အရေးကြီးကြောင်း သတိမူမိကြသည်။ • ကျေးရွာဆေးခန်း အဆောက်အဦးနှင့် ဝန်ထမ်းဖွဲ့စည်းပုံ အလုံလောက်ရှိ။	• ဆေးခန်းအသုံး အဆောင်နှင့် ပရိဘောဂ အတွက်ငွေ အရင်းအနှီး မရှိ။ • ဝန်ထမ်းများ တာဝန် ကျ ကျေးရွာတွင် မနေချင်။ မနေနိုင်ကြ ပါ ။	• ကော်မတီမှ ဦးဆောင်၍ အိမ် တိုင်း ယင်လုံအိမ်သာ သုံးစွဲရန်၊ ကျန်းမာရေး ဗဟု သုတ ရရှိရန်၊ ဆေးခန်း ပရိဘောဂနှင့် တာဝန်ယူ၊ တာဝန်ခံ၊ တာဝန်သိသော ဝန်ထမ်းများ ခန့်ထားပေးရန် ကျန်းမာရေးဌာနနှင့် ချိတ် ဆက်ညှိနှိုင်းဆောင်ရွက်မည်။	၁၅. ကျန်ဆင်းရဲ သား အိမ် တိုင်း ယင်လုံအိမ် သာ ဆောက်လုပ်သုံးစွဲခြင်း။ ၁၆. ဆေးခန်းပရိဘောဂ တိုးချဲ့ခြင်း။

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
	မိခင်များ ဆေးခန်း မီးဖွါးရာတွင် အခက် အခဲရှိ။ • ကျန်းမာရေးဝန်ထမ်း များ ဖြစ်ကြသော ကျန်းမာရေးမှူးနှင့် သားဖွားဆရာမမှာ ကျေးရွာတွင် ဝန် ထမ်းအိမ်ယာနှင့် လျှပ်စစ်မီး ကောင်းမွန် ပြည့်စုံစွာ စီစဉ် ပေး ထားသော်လည်း ဆေး ခန်းတွင် နေထိုင်နိုင် ခြင်းမရှိသောကြောင့် ကျန်းမာ ရေးစောင့် ရှောက်မှုအားနည်း လျက်ရှိသည်။ • ရွာသူ/သားများကျန်းမာ ရေး ဗဟုသုတ လုံလောက် မှု မရှိ။	• မွေးမိခင်များဆေးခန်း တွင် မီးဖွါးလေ့ရှိပြီး ကျန်းမာရေး စောင့် ရှောက်မှု ခံယူလေ့ရှိ။ • ကျေးရွာတွင် ဝန်ထမ်း အိမ်ယာ နှင့် လျှပ်စစ်မီး ကောင်းမွန် ပြည့်စုံမှုရှိ။ • လွိုင်ကော်မြို့နှင့် နီးပြီး ၃ ကီလိုမီတာ သာ ဝေးပြီး သွားလာရေး။။ ဆက်သွယ်ရေးကောင်း သည်။ • ရွာသူ/သားများမှ ကျေးရွာ ဖွံ့ဖြိုးရေး တွင် ကျန်းမာရေး အ ရေးကြီးကြောင်း နှင့် စိတ်ဝင်စားမှုရှိသည်။ • မာလင်စီမံကိန်းမှ ကျန်းမာရေးသင်တန်း တချို့ထောက်ပံ့ပေး လျက်ရှိ။	• အချိန်မတော် အရေး ပေါ် ကျန်းမာရေး စောင့်ရှောက်မှုအတွက် အခက်အခဲရှိသည်။ • သင်တန်းလုံလောက်မှု မရှိသေး။ • အရင်းအနှီးအဆက် အသွယ်နည်းပါး။	**၁၇. ကျန်းမာရေး သင်တန်းတာဝန်ကျ ကျေးရွာ တွင် တာဝန်ထမ်း နိုင်သော ကျန်း မာရေးဝန် ထမ်း ခန့်အပ်ခြင်း။**

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **ပညာရေး**					
• ပညာရေး အခြေခံ အဆောက်အဦး လုံလောက်မှုမရှိ။	• လက်ရှိမူလတန်း ကျောင်းမှာဟောင်းနွမ်း ပျက်စီးနေခြင်း • ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ။ • စာသင်ကျောင်းနှင့် အချို့ ဆင်းရဲသား အိမ်များအတွက် သောက်သုံးရေ လုံလောက်မှုမရှိ။ • ကျောင်းခြံစည်းရိုးမရှိ။ ကျောင်းသားကလေးငယ် များနှင့်စာသင်ကျောင်း လုံခြုံမှုနည်းသည်။	• အစိုးရစီမံကိန်းနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်း များရှိ။ • အဝီစိတွင်းတူးဖော် အောင်မြင်နိုင်သည်။ • လူထုမှ လုပ်အားနှင့် ဒေသ ပစ္စည်းထည့်ဝင် နိုင်သည်။	• အစိုးရနှင့် ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းသည်။ • ငွေအရင်းအနှီးမရှိ။	• ကျောင်းအကျိုးတော်ဆောင် ကော်မတီနှင့် ဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်၊ ကျောင်း ခြံစည်းရိုး ဆောက်လုပ်ရန်၊ အဝီစိတွင်း တူးဖော်ရန်နှင့် ပရိဘောဂ များဖြည့်ဆည်း ရန်အတွက် ပညာရေးဌာန၊ ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ အကူအညီ တောင်းခံခြင်း။	၁၈. ကျောင်းဆောင် သစ် ဆောက်လုပ်ခြင်းနှင့် ပရိဘောဂလုပ်ငန်း။ ၁၉. အဝီစိတွင်း တူးဖော် ခြင်းလုပ်ငန်း။ ၂၀. ကျောင်းခြံစည်းရိုး ဆောက်လုပ်ခြင်း။

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား**					
• လူငယ်များလေ့လာသင်ယူရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းနည်း၊ ဝင်ငွေနည်းပါးသည်။	•စာကြည့်တိုက် စာအုပ်လုံလောက် ပြည့်စုံမှုမရှိ။ •ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှု နည်းသဖြင့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း •အသက်မွေးဝမ်းကျောင်း လုပ်ငန်းကျွမ်းကျင်မှု အားနည်း	• စာကြည့်တိုက်ဆောက်လုပ်ပြီးအဆင်သင့်ရှိ။ လူငယ်များစာဖတ်လေ့ရှိ။ • လူငယ်အချို့သာဖုန်း အင်တာနက်လက်လှမ်းမီအသုံးပြုနိုင်။ • ဘွဲ့ရလူငယ်အချို့ရှိ။ • မြို့နှင့်နီး။ လျှပ်စစ်မီးလက်လှမ်းမီ။ ဈေးကွက်နှင့်နီး။ • လူငယ်များအသက်မွေးဝမ်းကျောင်း လုပ်ငန်း စိတ်ဝင်စားမှုရှိ။	• စာအုပ်များ ဝယ်ယူဖြည့်ဆီးရန် ငွေအရင်းအနှီးမရှိ။ • သင်တန်းတက်ရန် အဆက်အသွယ်မရှိ။	• လူငယ်များ လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ • အရင်းအနှီး နှင့် ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများနှင့် အချိတ်အဆက်များ ရရှိရန် ဖန်တီးပေးခြင်း။	၂၁. စာကြည့်တိုက် စာအုပ်များ ဝယ်ယူ ဖြည့်ဆည်းခြင်း ၂၂. ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **ကျေးရွာ အခြေခံ အဆောက်အဦးများ**					
• **ကျေးရွာအခြေခံ အဆောင်အဦးများ လုံလောက်မှု မရှိ။**	• လယ်များမှာဘီလူး ချောင်းတဘက်ကမ်း တွင် တည်ရှိနေသော ကြောင့် စပါးနှင့် အခြား စိုက်ပျိုးရေး ထုတ်ကုန်များ သယ်ယူ စရိတ် ကုန်ကျမှုများ သည်။ အလေအလွင့် များသည်။ • ကျေးရွာတွင်း အရည် (၂၀၀၀) ပေ အရှည် လမ်းမှာလည်းပျက်စီး နေပြီး နေ့စဉ်သွားလာ ရန် ခက်ခဲသည်။	• မြစ်ကူးတံတားဆောက် လုပ် ရန် အခြေအနေ ကောင်း ရှိသည်။ • ဆောက်လုပ်ရေး အတွက်လူအင်အား ထည့်ဝင်နိုင်သည်။ • အစိုးရနှင့်အခြားဖွံ့ဖြိုး ရေးအဖွဲ့အစည်းများမှ ကျေးလက်ဖွံ့ဖြိုးရေး ကိုကူညီဆောင်ရွက်ပေး မှုများရှိသည်။	• တံတားဆောက်လုပ် ရန် သင့်တော်သော် လည်း တံတားဆောက် လုပ်ရန် အရင်းအနှီးနှင့် အစိုးရခွင့်ပြုချက် လိုအပ်သည်။	• ကျေးရွာ ဖွံ့ဖြိုးရေးကော်မ တီမှ မြစ်ကူးတံတား ဆောက်လုပ်ရေး အစိုးရ ခွင့်ပြုချက် ရရှိရန်ညှိနှိုင်း ဆွေးနွေးခြင်း၊ နည်းပညာ နှင့် ငွေကြေး အကူအညီ ရရှိရန်၊ ကျောက်ချောလမ်း ပြုပြင်ရန် အစိုးရနှင့် ပြင်ပအဖွဲ့အစည်း များထံ အကူအညီ တောင်းခံခြင်း၊ ချိတ်ဆက် ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်မည်။	၂၆. မြစ်ကူးတံ တား ဆောက် လုပ်ခြင်းလုပ်ငန်း။ ၂၇. ရွာတွင်း ကျောက်ချော လမ်းပြု ပြင်ခြင်း။

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ လွိုင်ကော်မြို့နယ်၊ မုံပြာကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ